# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်( ၂၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်

နေပြည်တော် မေ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ သို့*


**ယနေ့ ဖတ် စ ရာ**

ဆက်စပ်ဆင်ခြင် ယုတ္တိရှိမရှိ စဉ်းစားပါ — ဆောင်းပါး စာ ၆

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ် — ပြည်တွင်းသတင်း စာ ၁၂

၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ၏ သင်တန်းဆင်းပွဲများပြုလုပ် — ပြည်တွင်းသတင်း စာ ၁၃

- ❑ **မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်**
- ❑ **ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်၊ ရွေးကောက်ပွဲ ပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်**
- ❑ **သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်**
- ❑ **ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်လို**

*❈ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာ ခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့် နယ်ဘက်မျှတအောင် တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေးအရအားနည်းမှုများရှိကြောင်း၊ အဆိုပါအားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ လှုံ့ဆော်မှုမျိုးစုံကိုခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်မှုမရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်းများတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေးအတွက် တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးထားသည့် အခွင့်အရေးများ၌ ဖက်ဒရယ်အခွင့်အရေးများ ပေးထားသည်ကို တွေ့ရကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်၌ အာဏာရပါတီအတွင်း သဘောထားကွဲလွဲမှုများရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ကန့်ကွက်မှုများရှိခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက် အရေးကြီးသည့်ကာလများ၌ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား လုံးဝပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ အလားတူ ဥပဒေနှင့်မညီသည့် ပြဋ္ဌာန်းချက်များအား အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလီယံခန့်နှင့် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလီယံခန့် စုစုပေါင်း ၂၅ ဘီလီယံခန့် လိုငွေပြခဲ့ကြောင်း၊ အဆိုပါငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပဝင်ငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာခဲ့သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားပြီးချိန်၌ ကျောင်းနေရာခိုင်နှုန်းများ ကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ပညာရေးအားနည်းချက်များကို ဂရုပြုရန်လိုကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးဒေသများဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးညီလာခံအား (၂၁) ရာစုပင်လုံအဖြစ်အမည်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ သမိုင်းကြောင်းအရ အခက်အခဲများရှိလာနိုင်သဖြင့် အသိပေးမှုများဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန် တပ်မတော်က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများအရ ဗိုလ်မှူးကြီးဟောင်း တင်မောင် ရေးသားသည့် "တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်" ဆိုသည့်အတိုင်း ၎င်းအချိန်က "ဒီမိုကရေစီက နုနု၊ မုန်တိုင်းက ထန်ထန်" ဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့် အပိုင်းများကို ထည့်သွင်းရေးသားထားကြောင်း၊ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကိုအထမြောက်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာအဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များ ရှိရန်လိုကြောင်း။

### ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဖော်ဆောင်ပေးရမည်

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်မည်**ဟု ပြောလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးမရမီကတည်းကပင် အားနည်းချက်များရှိခဲ့ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း အထောက်အထားများကို လေ့လာကြည့်မည်ဆိုပါက သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများလည်း ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေးဘုရင်များခေတ်က နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များနှင့် ခေတ်အဆက်ဆက်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေး အားနည်းမှုများနှင့်ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးညီလာခံများလုပ်ဆောင်ရာ၌ အကြောင်းအရာဖော်ထုတ်ချက်များအပြင် ပညာရေးနှင့်ပတ်သက်၍ မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်ကို လက်တွေ့ကျကျ ဆုံးဖြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍

*စာမျက်နှာ ၄ သို့*

- ❍ **မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရ**
- ❍ **သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိ**
- ❍ **သို့သော် သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်**
- ❍ **နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

*စာမျက်နှာ ၃ မှ*

သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့် ပတ်သက်ပါက ရေရှည်အနာဂတ် အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိကြောင်း၊ သို့သော် သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**◆ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့်ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန်လိုအပ်မည်ဖြစ်၊ နိုင်ငံ၏ ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများ တက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကို အမှန်တကယ် လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန်လိုအပ်မည်**

**❖ လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့**

**❖ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်၍ မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိ**

ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မေလ ၂၂ ရက်နေ့ဆိုပါက ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လိုကြောင်း။

## ကျန်းမာရေးကဏ္ဍအားပေးမြှင့်တင်

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများ၌ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများ မရှိသည်ကို တွေ့မြင်ရပြီး ကျန်းမာရေးအသိအမြင်များ အားနည်းမှုများရှိနေဆဲဖြစ်ကြောင်း၊ အချို့သောဒေသများ၌ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးအရ အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်ပါက ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွယ်သည့်သူများ၊ ပြည်သူများအားလုံး အတူတကွဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **"ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်"**၊ **"လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမျှမရှိ"**၊ **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့စတင်တာဝန်ယူခဲ့စဉ် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းအများစုလည်း ပါဝင်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ်ကာလနှင့် နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်နေစဉ်ကာလဖြစ်သဖြင့် ယင်းအကျပ်အတည်းကို မိမိတို့အနေဖြင့် ရှိသည့်အင်အားများကိုစုစည်း၍ ကြိုးပမ်းဆောင်ရွက်ကာ ကျော်လွှားခဲ့ရကြောင်း၊ တပ်မတော်သား ဆရာဝန်၊ ဆေးမှူးများကိုလည်း နိုင်ငံအနှံ့သို့ စေလွှတ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ အရေးကြီးသည်မှာ ပြည်သူများ၏ ကျန်းမာရေးကိစ္စများ အဆင်ပြေစေရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ များစွာဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးရုံအဆောက်အအုံများ၊ မြေနေရာများနှင့် ပတ်သက်၍လည်း လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေး၊ ကျန်းမာရေးတို့နှင့် ပတ်သက်ပါက လိုအပ်သည်များကို ဖြည့်ဆည်းမြှင့်တင်ပေးသွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

## သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို များစွာကြုံတွေ့ခဲ့ရကြောင်း၊ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ ငလျင်ဘေးဒဏ်ကြုံတွေ့ရမှု စသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၉၇ ဘီလီယံကျော်ဖိုး ပြန်လည်ပြုပြင်ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်သူတို့၏ ကုန်ကျမှုများမပါရှိသေးဘဲ နိုင်ငံတော်မှ ကုန်ကျမှုသီးသန့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော်ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံထောက်ပံ့ပေးခဲ့ရကြောင်း၊ မတ်လ ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်များအပြင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင်လမ်း၊ တံတားအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့ကြောင်း၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုကောင်းစွာဖြင့်ကာကွယ်နိုင်ရန်လိုကြောင်း၊လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခုတိုးတက်ရန်အတွက် စီးပွားရေးအရ အားကောင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်မူဝါဒကိုသာ ချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်အောင်ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင်တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း အထွက်နှုန်းအားနည်းနေဆဲဖြစ်ပြီး ပြည်ပမှ တင်သွင်းနေရဆဲပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့်လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ သီးထပ်စွမ်းအားများ ရာနှုန်းပြည့်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်ကြောင်း၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့်ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများ တက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်းတိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကို အမှန်တကယ် လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်၍ အဖြေရှာရန်လိုပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းတို့ကို ဖြေရှင်းနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

## လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရေး

လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်၍ မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများကို ရက်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရန် အခက်အခဲများစွာရှိမည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုက ယုံကြည်မှုရှိပြီး အားကိုးရသည့် အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းကြောင်းကောင်းကို ရေးထိုးနိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာ အချက်အလက်အကျဉ်းချုပ်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍဆိုင်ရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြခဲ့ပြီး ညှိနှိုင်းအစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြေပဲအထူးအထွက်တိုးစံပြကွက် ကြည့်ရှုစစ်ဆေး ဥစားကြက်မွေးမြူရေးဇုန်နှင့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကြည့်ရှု

**မကွေး မေ ၁၉**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိများသည် မေ ၁၈ ရက်က မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စု တောင်သူ ဦးမျိုးငွေး၏ မြေပဲအထူးအထွက်တိုးစံပြကွက်ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ တောင်သူများနှင့် တွေ့ဆုံခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စု တောင်သူ ဦးမျိုးငွေး၏ မြေပဲအထူးအထွက် တိုးစံပြကွက်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယာယီရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံ တောင်သူများ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်၊ စိုက်နည်းစနစ်များ စနစ်တကျ စိုက်ပျိုးနိုင်ရန်နှင့် သွင်းအားစုပစ္စည်းများ အချိန်ကိုက်အချိုးကျ သုံးစွဲတတ်စေရန် အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး စံပြကွက်၊ စမ်းသပ်ကွက်များ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းသည် ပြသရုံသက်သက်သာ မဟုတ်ပဲ တောင်သူများအနေဖြင့် လက်တွေ့လိုက်ပါဆောင်ရွက်နိုင်ရေး မျှော်မှန်းပန်းတိုင်အထွက်နှုန်းများရရှိ၍ တောင်သူများ၏ တစ်ဧကဝင်ငွေ တိုးတက်လာစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နိုင်ငံ၏ စားရေရိက္ခာ ဖူလုံပိုလျှံစေရေး စသည့် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးပြသ ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် တောင်သူများ လက်တွေ့လိုက်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး ကြိုးစား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်သူများအား တွေ့ဆုံစဉ် နွေနှမ်းသီးနှံတွင် မိုးရွာသွန်းမှုများပါက ပျက်စီး ဆုံးရှုံးမှုမရှိစေရေး စိမ့်မြောင်း၊ ပတ်မြောင်း၊ ရေထုတ်မြောင်းများ စနစ်တကျထားရှိစေရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကြီးကန်ကျေးရွာအုပ်စု ရွာခွဲ(၄)ရွာမှ တက်ရောက်လာသည့် တောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသခံတောင်သူများ အတွက် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးဇုန်နှင့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ယာယီရှင်းလင်း ဆောင်တွင် သက်ဆိုင်ရာလုပ်ငန်း တာဝန်ရှိသူများက မကွေးမြို့နယ် အတွင်း အသားကဏ္ဍဖူလုံစေဖို့ ဘေးအန္တရာယ်ဖြစ်စေသည့် အသားငါးများ လျော့နည်းစေရန် အတွက် ရှားပင်လှကျေးရွာအနီး မြေဧက ၄၈ ဒသမ ၀၆ ဧကပေါ်တွင် ဥစားကြက်မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းရှင် ၁၂ ဦးမှ တစ်ဦးလျှင် ဥစားကြက် အကောင်ရေ ၃၀၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လက်ရှိ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဧက ၁၅၀ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းဆိုင်ရာများအား ရှင်းလင်း တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းခွင် အတွင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**မောင်ညီညာ**

## သန်လျင်ခရိုင်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ သန်လျင်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရက ၂၀၂၅ ခုနှစ် မိုးရာသီချေးငွေ မူဝါဒစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က သန်လျင်မြို့နယ်အတွင်း စိုက်ပျိုးစရိတ်ထုတ်ချေးပေးမှုနှင့် ပြန်လည်ပေးဆပ်မှုအတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာအုပ်စုမှ တောင်သူ ဦးအေးရွှေ၏ လယ် ၁၀ ဧကအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုး စရိတ်ချေးငွေအား ပေးအပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာက ဗိုလ်ချုပ်ကျေးရွာအုပ်စုမှ တောင်သူ ဒေါ်စိုးစိုးဦး၏ စိုက်ပျိုးဧက ၈ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ပေးအပ်ကာ သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သန်လျင်မြို့ ငပကျေးရွာအုပ်စုမှ တောင်သူ ဦးအုန်းစော၏ လယ်စိုက်ဧက ၉ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ခဲ့သည်။

**သက်ခိုင်(သန်လျင်)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆက်စပ်ဆင်ခြင် ယုတ္တိရှိမရှိ စဉ်းစားပါ

**စွမ်းပြည့်**



ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းကျေးရွာ စာသင်ကျောင်းအတွင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ခုံများ။

မြန်မာပြည်ကို ဖျက်ဆီးနေတဲ့ NUG , PDF နဲ့ EAO အချို့ အခြေပြုရာစခန်းတွေကို တပ်မတော် (ကြည်း၊ ရေ၊ လေ) က အထူးသဖြင့် လေကြောင်းက ခပ်စိပ်စိပ်လေး ဖိအားပေးတိုက်ခိုက်မှုတွေ ပြုလုပ်လာတာနဲ့အမျှ ယခုလို အကြမ်းဖက်အားပေးတွေဘက်ကနေ နှပ်ကြောင်းပေး၊ မဟုတ်တမ်းတရားတွေ ရှိလာတော့မယ်ဆိုတာ မြင်ပြီးသား ဖြစ်ပါတယ်။ ဒီလိုအကြောင်းအရာတွေက မြန်မာ့နိုင်ငံရေးမှာ မဆန်းတော့ပါဘူး။

သောင်းကျန်းသူတွေက သူတို့အထိနာလာရင် ဒီလိုပဲ ပြောတတ်၊ ထွက်တတ်၊ ကလိန်စေ့ငြမ်းဆင်ပြုတတ်တယ်။ အမှန်တရားကဘာလဲ မသိရသေး၊ မုသားစကားက ကမ္ဘာပတ်ပြီးဖြစ်လောက်အောင် ပြည်တွင်းပြည်ပ စည်းဝါးကိုက်ပြီးသား၊ ဒါက အဖျက်သမားတွေ အကျွမ်းကျင်ဆုံးအလုပ်။ ဘယ်လိုဖြစ်ဖြစ်ပါ၊ အပြစ်မဲ့ လူမမည်ကျောင်းသားကလေးတွေကတော့ ပြည်ဖျက်သမား လူလိမ်တစ်စုရဲ့ အကြင်နာကင်းမဲ့တဲ့ အပြုအမူဆိုးအောက်မှာ သူတို့ရဲ့ အသက်တွေ စတေးသွားခဲ့ရပါပြီ။

**လူတံတိုင်းကာ မျက်ရည်ခံထိုးရအောင်**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းရွာ ဖြစ်စဉ်ပေါ့။ စာသင်နေတဲ့ကျောင်းကို တပ်မတော်(လေ) က ဗုံးကြဲချလိုက်လို့ ကျောင်းသားတွေ သေဆုံးရတယ်ဆိုတဲ့ဖြစ်စဉ်၊ logically သဘာဝကျမကျ၊ ယုတ္တိတန်မတန် စဉ်းစားမလား၊ Critically ဆန်းစစ်နိုင်းချိန်ပြီးမှ စဉ်းစားမလား၊ ဘယ်လိုစဉ်းစားစဉ်းစား ဘယ်လိုမှကို မဖြစ်နိုင်ပါ။ ဇွတ်မှိတ်ငြင်းနေခြင်းမဟုတ်။ မြန်မာ့တပ်မတော် ဖြစ်နေလို့ပါ။ စည်းနဲ့ကမ်းနဲ့ ဖွဲ့စည်းထားတဲ့တပ်မတော်ဖြစ်ပြီး နိုင်ငံတကာအဆင့် အမြဲတမ်းတပ်မတော်လည်းဖြစ်တယ်၊ ပြည်သူ့အတွက်ပဲ အမြဲအာရုံစိုက်နေရတဲ့၊ ပြည်သူကို အကာအကွယ်ပေးနေရတဲ့ တပ်မတော်ဖြစ်ပါတယ်။ ပြည်သူကို ထိမှာစိုးလို့၊ ကြားညှပ်တဲ့ ပြည်သူခံရမှာစိုးလို့ အမြဲဆင်ဆင်ခြင်ခြင် ကိုင်တွယ်နေရတဲ့ တပ်မတော်မို့ ယနေ့ကာလ အဖျက်သမားကို ရင်ဆိုင်တိုက်ခိုက်ရာမှာ အခက်အခဲဆုံးအခြေအနေများစွာကို ရင်ဆိုင်ရပြီး အချို့နေရာတွေမှာ ထိရောက်သင့်သလောက် မထိရောက်နိုင်တာမျိုးတွေလည်း ကြုံကြရတယ်။

ကျောင်းသားတွေရှိတဲ့နေရာ၊ ဘာသာတရားယဉ်ကျေးမှုအမွေအနှစ်တွေထွန်းကားရာ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေရှိရာ နေရာများဆို ပိုသတိထားရတယ်။ ဒါကြောင့်လည်း အဖျက်သမားတွေဟာ ယုတ်မာပက်စက်စွာနဲ့ ကျောင်း၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေမှာပဲ စခန်းချတယ်။ ကျောင်းသားအရွယ် လူမမည်ကလေးတွေကို

*စာမျက်နှာ ၇ သို့*



ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းကျေးရွာ စာသင်ကျောင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကို ဤသို့တွေ့ရသည်။

> **“နောက်တစ်ချက်က သူတို့ပြောနေတဲ့ မြန်မာ့တပ်မတော် လေတပ်သုံး ပေါင် ၅၀၀၊ ပေါင် ၁၀၀၀ တွေက အင်မတန် ပြင်းထန်တဲ့ဗုံးတွေပါ။ တကယ်တမ်းသာ ကြဲခဲ့တယ်မှန်ရင် ယခုလို သစ်သားစာသင်ကျောင်းဟာ လုံးဝပြိုကျပျက်စီး သွားမှာ အမှန်ပါ။ မြေပြင်မှတ်တမ်းတွေအရ ယခုတော့ အဆောက်အအုံနံရံတွေ ပြိုကျခြင်းမရှိ၊ မျက်နှာကြက် ကွာကျ၊ သွပ်ပြားပြုတ်ထွက်တာလောက်သာ တွေ့ရပြီး အကြီးအကျယ်မပျက်စီး၊ ပေါက်ကွဲမှုကြောင့် မီးသွေးတုံး ဖြစ်သွားမယ့် ဟိုတစ်စ၊ ဒီတစ်စ DB တွေလည်း မတွေ့ရ၊ ချိုင့်ခွက်ရာပင်မတွေ့၊ အခြားပရိဘောဂတွေ ပျက်စီးခြင်း လည်းမရှိ..။ နောက် NUG တို့ပြောသလို ဗုံးကြောင့် ဖြစ်တဲ့ မြေကျင်းကြီးတွေ မတွေ့ရပြန်တော့ ကြဲချတဲ့ဗုံး တွေဟာ မူလပြောသလို ပေါင် ၅၀၀/ ၁၀၀၀ တွေ မဟုတ်တော့ပြန်၊ ကလပ်စတာဗုံးတွေလို့ ဗလောင်းဗလဲ ဖြစ်ပြန်တယ်”**




PDF အကြမ်းဖက်အဖွဲ့များက ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းကျေးရွာ စာသင်ကျောင်းအတွင်း စခန်းချကာ လက်နက်/ဗုံးသီးများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။



PDF အကြမ်းဖက်အဖွဲ့များက ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ နန်းဦးကျေးရွာ စာသင်ကျောင်းအတွင်း စခန်းချကာ လက်နက်/ခဲယမ်း၊ ဗုံးသီးများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။



PDF အကြမ်းဖက်အဖွဲ့များက ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မြေတော်ကျေးရွာ စာသင်ကျောင်းအတွင်းရှိ ထုတ်လုပ်ထားသည့် လက်နက်/ခဲယမ်း၊ ဗုံးသီးများ။

*စာမျက်နှာ ၆ မှ*

သေနတ်ကိုင်ခိုင်းတယ်။ လူသတ်နိုင်အောင် လက်နက်ငယ်ပစ်ခတ်နည်း၊ ဗုံးလုပ်နည်းတွေ သင်ပေးတယ်။

ဒီလိုအချက်အလက်တွေအတွက် ခာတ်ပုံအထောက်အထားများစွာ ရှိပါတယ်။ တစ်နည်းအားဖြင့် လူသားတံတိုင်းကာပြီး လူတွေကို မသေသေအောင်လုပ်ခြင်းဖြင့် မျက်ရည်ခံ၊ မျောက်ပြဆန်တောင်းခြင်းသာ ဖြစ်တယ်။ ဒီလိုနေရာတွေကို တပ်မတော်က တော်ရုံမလုပ်တဲ့အတွက် သူတို့အတွက်လည်း အန္တရာယ်ကလွတ်ကင်းသလို တပ်မတော်က တိုက်ခိုက်ခဲ့လို့ ထိခိုက်မှုတွေရှိရင်လည်း ပြည်သူတွေကို မညှာမတာတိုက်ခိုက်နေကြောင်း နိုင်ငံတကာကိုပါသတင်းလွှင့်ဖန်တီး၊ လိမ်ညာလို့ရအောင် ထောင်ချောက်ဆင်လေ့ရှိကြတယ်။ ဒါကြောင့်လည်း တပ်မတော်က ပြည်သူတွေကို အဖျက်သမားတွေရဲ့ အဝေးမှာနေဖို့၊ သူတို့အနားမှာမနေကြဖို့ အကြိမ်ကြိမ် ဆော်သြနေရတာဖြစ်တယ်။

**ဇာတ်လမ်းများထဲက ဇာတ်လမ်းတစ်ခုမျှသာ**

တကယ်တော့ အခု အလိမ်အညာဇာတ်လမ်းကရမယ်အထင်နဲ့ NUG , PDF ကိုယ်တိုင် တမင်ထွင်ခဲ့တဲ့ ဇာတ်လမ်းတွေထဲက တစ်ခုပါပဲ။ အဖြစ်မှန်ကို ပြောပြခဲ့တဲ့ သတ်ချင်သတ်ပါစေဆိုပြီး ဖြစ်စဉ်ဝန်းကျင်မှာရှိခဲ့တဲ့ ယခင် NUG ကို ထောက်ခံခဲ့တဲ့ မျက်မြင်ရွာသားကိုယ်တိုင် ပြောပြခဲ့တာရှိတယ်။ သူ့ပြောပြချက်အရဆိုရင် ဖြစ်ခဲ့တဲ့ကျောင်းမှာ PDF တွေ စခန်းချတာကြာပါပြီ။ ကျောင်းက ဒရုန်းဗုံးသီးတွေ ထုတ်လုပ်တဲ့နေရာ ဖြစ်နေတယ်။

အဲဒီနေ့က ကျောင်းမှာ ခာတ်ပုံရိုက်ဖို့ရှိတယ်ဆိုပြီး ကျောင်းသားနဲ့မိဘတွေကို ခေါ်ထားတယ်။ ဗုံးသီးလုပ်တဲ့နေရာဆိုတော့ မိဘတွေက သူတို့ကလေးတွေကို ဘယ်လွှတ်ချင်ပါ့မလဲ၊ ဒါပေမယ့် ကလေးနဲ့ ကလေးမိဘတွေ ကံမကောင်းခဲ့ပါဘူး။ ဗုံးသီးတွေထကွဲ၊ ဝုန်းကနဲ အသံကျယ်ကြီးနဲ့အတူ ကလေးငယ် ၂၀၊ ဆရာ ဆရာမ နှစ်ဦး ပေါင်း ၂၂ ဦး ထိခိုက်သေကျေပျက်စီးကြရပါတော့တယ်။ အဖြစ်မှန်က ထိုရွာသားရဲ့ပြောပြချက်အရ " **စကစ က** လေယာဉ်နဲ့ ဗုံးကြဲတာမဟုတ်ကြောင်း၊ လက်လုပ်မိုင်းနဲ့ ဗုံးသီးလုပ်နေတဲ့ PDF တွေရဲ့ ပေါ့ဆမှုကြောင့် ဗုံးသီးများ ပေါက်ကွဲရခြင်းဖြစ်ကြောင်း၊ လေယာဉ်ဗုံးကြောင့်ဆိုရင် ထိခိုက်သူတွေအနေနဲ့ စုတ်ပြတ်ပျက်စီးသွားမည်ဖြစ်ကြောင်း၊ ကျောင်းအနေနဲ့လည်း ယခုထက် ပိုထိခိုက်မှာဖြစ်ကြောင်း၊ PDF တွေ

*စာမျက်နှာ ၈ သို့*

◆ **ဒီတစ်ကြိမ်မှာ OHCHR လို၊ UNICEF Myanmar လို အဖွဲ့အစည်းတွေက အသံတိတ်နေတာဖြစ်မယ်။ သေဆုံးနေတဲ့ပုံတွေကြည့်လိုက်တော့ အချို့ပုံတွေဟာ မျက်လုံးပွင့်နေပုံ သတိပြုမိသလို၊ သေနေတဲ့ပုံမျိုးမဟုတ်ဘဲ နိုးနေသကဲ့သို့ပင် တွေ့နေရတယ်။ ရိုက်တဲ့၊ လွှင့်တဲ့ စာသားခာတ်ပုံတွေဟာလည်း အကြိမ်ကြိမ်တည်းဖြတ်ထားပုံပါပဲ။ သူတို့က ဖြစ်စဉ်ကိုပြောတဲ့အခါ Live လွှင့်ပြီးပြောတယ်၊ ပြောခဲ့သူကိုလည်း ကြည့်ပါဦး၊ ဒေါ်ရတီအုန်းဆိုတဲ့ ၂၀၂၁ ခုနှစ်ကတည်းက CDM လုပ်ခဲ့တဲ့ ကလေးမြို့က စက်မှုလက်မှုလက်ထောက်ကထိကဟောင်း တစ်ယောက်၊ တစ်ခါတစ်ရံ သေနတ်ကိုင်တယ်၊ ရှေ့တန်းလိုက် စစ်တိုက်တယ်၊ ပရဟိတ လုပ်တတ်တယ်။ စစ်ကိုင်းနဲ့ ချင်းမှာ တပ်ကလေယာဉ်နဲ့ ဗုံးကြဲတဲ့နေရာတိုင်းကို ချက်ချင်းသူရောက်တတ်ပြီး ငိုသံပါ ရုပ်တည်ကြီးနဲ့ မှတ်တမ်းဗီဒီယိုရိုက်တယ် ဝါဒဖြန့်တတ်တဲ့သူတစ်ယောက်ဆိုတော့....။**

*စာမျက်နှာ ၇ မှ*

ကြောင့်ဆိုတာ တစ်ရွာလုံးသိကြောင်း၊ လာရောက်စုံစမ်းနိုင်ပါကြောင်း၊ PDF များက ပြောတဲ့သူကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားလို့ မည်သူမျှ မပြောရဲကြောင်း" စသည်ဖြင့် ဖွင့်ဟပြောကြားခဲ့တာ တွေ့ရပါတယ်။

**ယုတ္တိတန်မတန် ဆက်စပ်ချင့်ချိန်**

ဘာကြောင့်၊ ဘယ်လိုသဘောတရားတွေအပေါ် အခြေခံပြီး NUG , PDF နဲ့ သူတို့ထောက်ခံသူတွေရဲ့ စွပ်စွဲချက်တွေက မမှန်ကန်၊ မှားနေတယ်လို့ ပြောနိုင်ရပါသလဲ။ နိုင်ငံတော်အစိုးရရဲ့ တရားဝင်ငြင်းဆိုချက်ကကော ဘာကြောင့်အခြေအမြစ်ရှိပြီး ခိုင်လုံမှုရှိသလဲ၊ သူတို့ရဲ့ တစ်ဖက်သတ်စွပ်စွဲချက် အချက်အလက်တွေက တိကျသေချာမှုမရှိ ဘယ်လောက်မှားယွင်းနေသလဲ၊ နှိုင်းချင့်ဆက်စပ်စဉ်းစားကြည့်ရအောင်ပါ.....။ အမှန်မှာ ယခု ဖြစ်စဉ်ကာလက ကျောင်းဖွင့်ချိန်မဟုတ်၊ အလွန်ပူပြင်းလှတဲ့ နွေရာသီကျောင်းပိတ်ချိန်ကာလမှာ ဘာကြောင့် ကျောင်းဖွင့်နေရပါသလဲ။ ဒါပေမယ့် သူတို့ NUG အစိုးရမို့ ဖွင့်ချင်တဲ့အချိန် ဖွင့်ရအောင်ဆိုရင်လည်း ပညာရေးကိုအားမပေးတဲ့ NUG ရဲ့ ညွှန်ကြားချက်ကို ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးကျမှ ဖွင့်တယ်ဆိုတာက ယုံချင်စရာ ဘယ်လိုရှိနိုင်ပါ့မလဲ။ ပညာရေးကိုအားမပေးဘူးလို့ ပြောရတဲ့အကြောင်းရင်းက NUG ဟာ စာသင်တဲ့ ဆရာ၊ ဆရာမတွေကို သတ်ဖြတ်ခဲ့တဲ့၊ စာသင်ကျောင်းတွေကို ဖျက်ဆီးခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကြောင့်ပါပဲ။

နောက်တစ်ချက်က သူတို့ပြောနေတဲ့ မြန်မာ့တပ်မတော်လေတပ်သုံး ပေါင် ၅၀၀၊ ပေါင် ၁၀၀၀ တွေက အင်မတန် ပြင်းထန်တဲ့ဗုံးတွေပါ။ တကယ်တမ်းသာ ကြဲခဲ့တယ်မှန်ရင် ယခုလို သစ်သားစာသင်ကျောင်းဟာ လုံးဝပြိုကျပျက်စီးသွားမှာ အမှန်ပါ။ မြေပြင်မှတ်တမ်းတွေအရ ယခုတော့ အဆောက်အအုံနံရံတွေ ပြိုကျခြင်းမရှိ၊ မျက်နှာကြက်ကွာကျ၊ သွပ်ပြားပြုတ်ထွက်တာလောက်သာတွေ့ရပြီး အကြီးအကျယ်မပျက်စီး၊ ပေါက်ကွဲမှုကြောင့် မီးသွေးတုံးဖြစ်သွားမယ့် ဟိုတစ်စ၊ ဒီတစ်စ DB တွေလည်း မတွေ့ရ၊ ချိုင့်ခွက်ရာပင်မတွေ့၊ အခြားပရိဘောဂတွေ ပျက်စီးခြင်းလည်းမရှိ..။ နောက် NUG တို့ပြောသလို ဗုံးကြောင့်ဖြစ်တဲ့ မြေကျင်းကြီးတွေ မတွေ့ရပြန်တော့ ကြဲချတဲ့ဗုံးတွေဟာ မူလပြောသလို ပေါင် ၅၀၀/ ၁၀၀၀ တွေ မဟုတ်တော့ပြန်၊ ကလပ်စတာဗုံးတွေလို့ ဗလောင်းဗလဲ ဖြစ်ပြန်တယ်။

ဖြစ်နိုင်ပါ့မလား။ ကျွမ်းကျင်သူတို့ရဲ့ အဆိုအရ ကလပ်စတာဗုံးဆိုတာက ပစ်မှတ်နဲ့ မထိခိုက်ခင်မှာ လေထဲမှာ မူလဗုံးမကြီးကနေ အပိုင်းပိုင်းကွဲထွက်ပြီး ၇ ဧကခန့်အထိ ဗုံးစဗုံးငယ်ပေါင်း ၂၀၀ လောက်အထိ ပျံ့နှံ့သွားနိုင်တယ်။ လူကို အကြီးအကျယ် အသက်အန္တရာယ် ထပ်ခါထပ်ခါပေးနိုင်တဲ့ ဗုံးအမျိုးအစားဖြစ်ပြီး ဒီလိုဗုံးမျိုးကြဲချခံရပြီးရင်တောင် ထပ်ကွဲနိုင်တဲ့အတွက် သတိထားရမယ့် အနေအထားဖြစ်ပါတယ်။ ကလပ်စတာဗုံးဆိုတာက ထိခိုက်သွားတဲ့မြေပြင်မှာ ချိုင့်ခွက်တစ်ခုတည်းမကဘဲ အများကြီးရှိနိုင်တယ်။ DB တွေမှာ အစအနများစွာရှိနိုင်တယ်။ အပျက်အစီးအပိုင်းအစများစွာ တွေ့ရနိုင်တယ်။ ဒါကြောင့်လည်း ကလပ်စတာဗုံးဆိုတာမျိုးက ဖြစ်နိုင်ပါ့မလား၊ အထောက်အထား မခိုင်လုံတဲ့အတွက် မဖြစ်နိုင်သလို ပေါင် ၅၀၀/ ၁၀၀၀ ဆိုတဲ့ ဗုံးကလည်း သူတို့ကိုယ်တိုင် မဟုတ်ကြောင်း ပြန်ငြင်းထားတာဆိုတော့ ...။

နောက်ထပ်ကွဲလွဲနေတဲ့အချက်တွေကို ဆက်စပ်ကြည့်ရအောင်ပါ။ ဗုံးကြဲခံရတဲ့ ကလေးတွေရဲ့ လွယ်အိတ်နဲ့ စာအုပ်တွေက ဗုံးဒဏ်ကြောင့် စုတ်ဖွာထွက်မသွား၊ ဘာကြောင့် အကောင်းပကတိအတိုင်း သပ်သပ်ရပ်ရပ်နဲ့ ရှိနေရပါသလဲ။ လိမ်ပုံညာနည်းတွေက မသပ်ရပ်လှ၊ သေချာမှုမရှိ၊ ဖြစ်ကတတ်ဆန်း ရှိလှတယ်။ NUG က ပို့တဲ့ပုံတွေကို AI detector နဲ့ စစ်လိုက်တဲ့အခါ ရာနှုန်းပြည့်မှားယွင်းနေတာလည်း တွေ့ရပြန်တယ်။

ဒါကြောင့် ဒီတစ်ကြိမ်မှာ OHCHR လို၊ UNICEF Myanmar လို အဖွဲ့အစည်းတွေက အသံတိတ်နေတာဖြစ်မယ်။ သေဆုံးနေတဲ့ပုံတွေ ကြည့်လိုက်တော့ အချို့ပုံတွေဟာ မျက်လုံးပွင့်နေပုံ သတိပြုမိသလို၊ သေနေတဲ့ပုံမျိုးမဟုတ်ဘဲ နိုးနေသကဲ့သို့ပင် တွေ့နေရတယ်။ ရိုက်တဲ့၊ လွှင့်တဲ့ စာသားဓာတ်ပုံတွေဟာလည်း အကြိမ်ကြိမ်တည်းဖြတ်ထားပုံပါပဲ။ သူတို့က ဖြစ်စဉ်ကို ပြောတဲ့အခါ Live လွှင့်ပြီးပြောတယ်၊ ပြောခဲ့သူကိုလည်း ကြည့်ပါဦး၊ ဒေါ်ရတီအုန်းဆိုတဲ့ ၂၀၂၁ ခုနှစ်ကတည်းက CDM လုပ်ခဲ့တဲ့ ကလေးမြို့က စက်မှုလက်မှုလက်ထောက်ကထိကဟောင်း တစ်ယောက်၊ တစ်ခါတစ်ရံ သေနတ်ကိုင်တယ်၊ ရှေ့တန်းလိုက် စစ်တိုက်တယ်၊ ပရဟိတ လုပ်တတ်တယ်။ စစ်ကိုင်းနဲ့ ချင်းမှာ တပ်ကလေယာဉ်နဲ့ဗုံးကြဲတဲ့နေရာတိုင်းကို ချက်ချင်းသူရောက်တတ်ပြီး ငိုသံပါရုပ်တည်ကြီးနဲ့ မှတ်တမ်းဗီဒီယိုရိုက်တယ် ဝါဒဖြန့်တတ်တဲ့သူတစ်ယောက်ဆိုတော့....။

သုံးသပ်ချင်တာက မြန်မာ့နိုင်ငံအရေးမှာ တချို့ကိစ္စတွေက မရိုးရှင်းဘူး၊ တိုက်ဆိုင်မှုဆိုတာ ဘယ်သောအခါမှ မရှိနိုင်ဘူးဆိုတာပါပဲ။ ယခုတလော နိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာ NUG, PDF , EAOs တွေက ဘက်စုံတိုက်ကွက်ဖော်နေသလို အရှေ့မြောက်နဲ့မြောက်ပိုင်းမှာ အကြမ်းဖက်တွေအပေါ် တပ်မတော်ဘက်က စစ်ရေးအောင်မြင်မှုတွေကြောင့် အရေးနိမ့်နေတဲ့ဘက်ကို NUG က အထောက်အကူပြုပေးတဲ့ သဘောလည်းပါမယ်။ ဒီလိုအခြေအနေကြောင့် တပ်မတော်ကို တစ်ဖက်က ဖိအားပေးနေသလားလို့လည်း မြင်မိတယ်။ တဖြည်းဖြည်း စိတ်ဓာတ်ကျ အလင်းဝင်လာနေတဲ့ PDF တွေ စိတ်အားတက်ကြွလာအောင် စတဲ့အကြောင်းတရားတွေကနေ နိုင်ငံတကာကို မျက်ရည်ချူ၊ နိုင်ငံတကာဆီက ထောက်ပံ့တဲ့ ရန်ပုံငွေရအောင် လုပ်စားနေတာလို့ မြင်ပါတယ်။

အကြမ်းဖက်တွေက သူတို့ရှိတဲ့နေရာမှန်သမျှ လူသားတံတိုင်းလုပ်နေသရွေ့ တပ်မတော်ဘက်က ဘယ်လိုပဲ သတိထားရှောင်နိုင်အောင် အကြိမ်ကြိမ်သတိပေးနေပါစေ၊ သူတို့နဲ့ သူတို့အပေါင်းအပါတွေကတော့ သူတို့ကြောင့်ဖြစ်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေမှာ ဒီလိုလုပ်ကြံဖန်တီးတာမျိုးတွေ၊ အလိမ်အညာဓာတ်လမ်းတွေကို ဖန်တီးနေဦးမှာပဲ။ အခု လုပ်ကြံဓာတ်လမ်းမှာ အဖျက်သမားတွေ သတိမထားမိတာက သူတို့အနေနဲ့ ယခုလို ရိုးရှင်းတဲ့အကွက်တွေကိုပဲ ထပ်ခါထပ်ခါ သုံးစွဲနေခြင်းမျိုးဖြစ်ပြီး ပြည်သူတွေရဲ့ သူတို့အပေါ် ယုံကြည်မှု၊ လက်ခံမှု လျော့ကျလာနေတာပဲဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ အကြမ်းဖက်သမားတွေနဲ့ သူတို့ကို ထောက်ခံသူတွေကို ပြောချင်တာက နောက်ထပ် ရင်နာစရာ ယခုလိုအဖြစ်မျိုးတွေ ထပ်မရှိရအောင် အတ္တတွေကို လျှော့ချကြပါ၊ အမှန်တကယ် သေဆုံးသွားသူတွေအတွက်လည်း တကယ့်အမှန်တရားကိုသာ ချပြပေးပါ၊ အကျိုးအပြစ်၊ အမှားအမှန်တွေးခေါ်ဆင်ခြင်ဉာဏ်လေးတွေလည်း ထားပေးကြပါ။ အမှားတန်ဖိုးတွေ၊ မှားယွင်းတဲ့မူဝါဒနဲ့ ပန်းတိုင်အမှား၊ လုပ်နည်းအမှား၊ ကျင့်ဝတ်အမှားတွေကို ရပ်တန်းကရပ်ကြပါလို့သာ တိုက်တွန်းလိုက်ရပါတော့တယ်။ ။



ချင်းပြည်နယ် ထန်တလန်မြို့ရှိ စာသင်ကျောင်းအတွင်း PDF အကြမ်းဖက်အဖွဲ့များ စစ်စခန်းချခဲ့မှုကို တွေ့ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများက မုံရွာမြို့နယ် စည်သာကျေးရွာစာသင်ကျောင်းအတွင်း စခန်းချကာ လက်နက်/ခဲယမ်း/ဗုံးသီးများ ထုတ်လုပ်ခဲ့မှုကို တွေ့ရစဉ်။

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဇွန် ၂ ရက် ကျောင်းဖွင့်ချိန်အမီ ဆောင်ရွက်ပြီးစီးမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ သည် ယနေ့ နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ မတ် ၁၄ ရက် ခရီးစဉ်လမ်းညွှန်ချက်များ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး သည်။**





ဦးစွာ ဒုတိယဝန်ကြီးသည် ပင်မဆောင် အဆောက်အအုံတွင် မွမ်းမံရေးလုပ်ငန်းများ၊ ဘက်စုံ သုံးခန်းမနှင့် Theater တို့တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ တက္ကသိုလ် အတွင်း သန့်ရှင်းသာယာလှပရေး နှင့် ဥပမိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေ များ၊ လာမည့် ဇွန် ၂ ရက် ကျောင်း ဖွင့်ချိန်အမီ စာသင်ခန်းများနှင့် ကွန်ပျူတာစက်ခန်းများ၊ စာကြည့် တိုက်၊ K-Lab တို့တွင် ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ နိုင်ငံတော်အကြီး အကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များ အတိုင်း တိတိကျကျ လိုက်နာ၍ စနစ်တကျ ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် သုတေသနနှင့်တီထွင် ဆန်းသစ်မှုဦးစီးဌာန၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ သုတေသနဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အလုပ် သင် အစီအစဉ် (Internship)ဖြင့် လာရောက် လေ့လာလျက်ရှိကြ သော ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ တိုးတက်ပြောင်းလဲမှု မြန်ဆန် လျက်ရှိသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းတို့နှင့် အတူ အမီလိုက်ပါနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်၊ နိုင်ငံတော်က အမှန်တကယ် အားထားရသော ကမ္ဘာ့ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှု မျက်နှာ စာအထိ ထိုးဖောက်နိုင်သော စွမ်းရည်မြင့် လူငယ် IT ပညာရှင် များဖြစ်စေရေး ရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ကျောင်းသား များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး ပညာပေးဆိုင်းဘုတ် စိုက်ထူ

**တောင်ငူ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂) အခြေခံပညာအထက် တန်းကျောင်းရှေ့၌ တောင်ငူခရိုင် ပညာရေးမှူးရုံးက ကြီးမှူး၍ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ် ကလေး အားလုံး စဉ်ဆက်မပြတ် ပညာ သင်ယူဖို့ ကျောင်းအပ်နှံကြ ပါစို့" ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပ သည်။



ထိုသို့ ကျင်းပရာတွင် အခြေခံပညာဦးစီးဌာန တောင်ငူ ခရိုင်ပညာရေးမှူးရုံးမှ ခရိုင်ပညာ ရေးမှူး ဒေါက်တာနော်ဥမ္မာထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်၊ မြို့နယ် ပညာရေးမှူး ဒေါ်ဥမ္မာထွန်း၊ ခရိုင် နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၅- ၂၀၂၆ "ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြ ပါစို့" ဆိုင်းဘုတ်ကို သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်း ဖွင့်လှစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ ကဗျာ၊ ဆောင်းပါးနှင့်စာစီစာကုံး ရေးသားနည်းသင်တန်းဖွင့်

**အင်းစိန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အင်းစိန်မြို့နယ် စာရေးဆရာအသင်းနှင့် Book Club အဖွဲ့တို့ ပူးပေါင်း ၍ ကဗျာ၊ ဆောင်းပါးနှင့် စာစီစာကုံးရေးသားနည်းသင်တန်းကို မေ ၁၉ ရက် မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘိုကြည်၊ (ဒေါက်တာဗိုလ်သံမဏိတောင်တွင်းကြီး)၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)၊ စာရေး ဆရာ ရန်မိုးအောင်နှင့် ဆရာမြတ်လွမ်းနောင်(ပုတီးကုန်း)တို့က သင်ခန်း စာပို့ချမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၁၉ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့လည်း သင်တန်းသား သင်တန်းသူ ၅၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ပုသိမ်ကြီး မေ ၁၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ၏ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်း များအနေဖြင့် ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ပုသိမ်ကြီး မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ဆောင်ရွက်သည်။



မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူ အညီများ ဆောင်ရွက်ပေးလျက်ရှိ သကဲ့သို့ ငလျင်ဘေးသင့် အကျိုး ခံစားခွင့် ရှိသူများအား တစ်အိမ် ထောင်စုလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်း၊ ခြင်ထောင်၊ စောင်နှင့် မိုးကာများကို အိမ်ထောင်စု ၅၆၉ စုအတွက် မြို့နယ်ကြက်ခြေနီ အသင်းခွဲက စနစ်တကျ ထောက်ပံ့ ပေးအပ်သည်။

ယနေ့ စတင်ပေးအပ်ရာတွင် ပုသိမ်ကြီးမြို့မ ရပ်ကွက်အုပ်စု၊ မဲကင်းကုန်း ကျေးရွာအုပ်စု၊ ရေထွက်ကျေးရွာအုပ်စုနှင့် နန်းဦး လွင်ကျေးရွာအုပ်စုတို့ကို ပထမ အသုတ်အနေဖြင့် ထောက်ပံ့ ပေးအပ်ခြင်းဖြစ်ကြောင်း ပုသိမ် ကြီးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်သန်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ သည်။

**မိုး/ဇလ**

◆ *ကျောဖုံးမှ*

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး ပြတ် အနိုင်ရခဲ့သည်။ Junior Lions အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ တတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့ သည်။ Junior Lions အသင်း (ခ) မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းသည် ပွဲပြီးခါနီးဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး မဟာယူနိုက်တက် အသင်းမှာမူ လေးပွဲဆက်အရှုံးနှင့်အတူ ဇယား အောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ၁၆၊ ၈၁၊ ၈၅ မိနစ်တွင် သော်ဇင်ကို၊ ၉၀+၁ မိနစ်တွင် ခွန်မောင်လုံး တို့က သွင်းယူသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန် ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းသည် လေးပွဲဆက် အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင် လျက်ရှိသည်။ ပွဲအစ ခြောက်မိနစ်တွင် ထူးဝဏ္ဏက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်း ယူသော်လည်း ၃၅ မိနစ်တွင် ရန်နိုင်ဖြိုးက ရတနာပုံ အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ထို့ကြောင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့ပြီး ရန်ကုန် ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၆၆ မိနစ် တွင်မင်းသန့်ဘိုကသွင်းယူခဲ့သည်။ ဗဟန်းမြက်ခင်း တုကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်း က Dagon Port အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင် ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် ဂိုးများကို ၁၃၊ ၃၉ မိနစ်တွင် စောအောင်မျိုးဦး၊ ၈၆ မိနစ်တွင် စစ်ငြိမ်းချမ်းတို့က သွင်းယူပြီး Dagon Port အသင်း အတွက် ချေပဂိုး တစ်ဂိုးကို ၅၅ မိနစ်တွင် ဖော်ပိုင်က သွင်းယူခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်

**နေပြည်တော် မေ ၁၉**

အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား တက်ရောက်သည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ပေါင်း ၂၈ ဖွဲ့ လာရောက်ကူညီပေးခဲ့ပြီး International Medical Corps (IMC) အဖွဲ့လည်း အပါအဝင်ဖြစ်ပါကြောင်း၊ IMC ဆေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀ ၌ ဧပြီ ၁၉ ရက်မှ မေ ၁၈ ရက်အထိ တစ်လအကြာ ယာယီအရေးပေါ်ဆေးခန်းဖွင့်လှစ်ကာ ပြင်ပလူနာစုစုပေါင်း ၁၄၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပါကြောင်း၊ ထို့အပြင် ဆေးနှင့် ဆေးပစ္စည်းများ၊ ယာယီတဲများနှင့် အဆောက်အအုံသုံးပစ္စည်းများအား လှူဒါန်းသည့်အတွက် ကျေးဇူးများစွာ တင်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



ဆက်လက်၍ IMC အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr.Syed Yasir Ahmed က IMC အဖွဲ့၏ ဆေးကုသမှုများဆောင်ရွက်ရာတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်ပေးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး၊ ခုတင် ၃၀၀မှ ဆေးရုံအုပ်နှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား IMC အဖွဲ့သို့ ဂုဏ်ပြု မှတ်တမ်းတင်လွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ IMC ဆေးအဖွဲ့သားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ONE Friday Fights 109 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမွီနှင့် ထိုင်းလူငယ်ဖိုက်တာ ထိုးသတ်မည်

ရန်ကုန် မေ ၁၉

**ယခုတစ်ပတ်ကျင်းပမည့် ONE Friday Fights 109 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမွီ တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မေ ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။**



အဲမွီသည် ထိုင်းလူငယ်ဖိုက်တာ ဝပ်တီရိုင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး Co–Main Event အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အသက် ၂၃ နှစ်သာရှိသေးသည့် ဝပ်တီရိုင်သည် ONE နှင့် ယခုနှစ်မှ စတင်လက်တွဲထားပြီး တစ်ပွဲထိုးသတ်ရာ တစ်ပွဲအနိုင်ရထားသည်။ အဲမွီသည် ONE နှင့် လေးပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး ယခုနှစ်အတွင်း ထိုးသတ်သည့် နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ အဲမွီသည် နောက်ဆုံးထိုးသတ်သည့်ပွဲတွင် အမှတ်ဖြင့် အရေးနိမ့်ထားသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ–ONE Championship**

## အာရှဖလားခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လေ့ကျင့်

**ရန်ကုန် မေ ၁၉**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲနှင့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မေ ၁၉ ရက်တွင် လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မတ်လ စတုတ္ထပတ်မှ မေလဆန်းအထိ ပထမအကြိမ် လေ့ကျင့်ပြီးနောက် ကစားသမားများ လေ့ကျင့်မှုမပြတ်စေရန် မေ ၁၉ ရက်မှစ၍ တစ်ပတ်လျှင် နှစ်ရက် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပထမအကြိမ် လေ့ကျင့်ရာတွင် ထိုင်းနိုင်ငံသို့ တစ်ပတ်ကြာ ခြေစမ်းခရီးစဉ် သွားရောက်ခဲ့ပြီး ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ပတ္တရားပီခွန်သည် ကစားသမား ၁၉ ဦး ရွေးချယ်ထားပြီး ဂိုးသမား – မိုင်စိုးမြတ်ထွေး (MIU)၊ ရဲထက်နိုင် (MH Dream Team)၊ ကျော်ဇင်မျိုးဦး (TG United)၊ ကစားသမား – မင်းခန့်၊ မင်းခန့်သူ၊ သက်ထွန်း၊ ခင်ဇော်လင်း၊ ထွန်းအောင်ကျော် (MIU FC)၊ မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ထွဋ်ဝေထွန်း၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော် (YRG FC)၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး ကျော်ကျော်စိုး (MH Dream Team)၊ ထွန်းမင်းလှိုင် (TG United)၊ သက်နောင် (VUC FC)၊ ဂျင်မီစိုး (YCDC Marga FC) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် စက်တင်ဘာတွင် ၂၀၂၆ အာရှဖလားခြေစစ်ပွဲ၊ ဒီဇင်ဘာတွင် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**



မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

❖ *ကျောဖုံးမှ*

အုပ်စုပြိုင်ပွဲအဆင့်၊ နောက်ဆုံးအဆင့် ဖိုင်နယ်ပြိုင်ပွဲကြီးဟူ၍ အဆင့်သုံးဆင့်ခွဲကာ ယှဉ်ပြိုင်သွားရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယခင်ကျင်းပခဲ့သော MESL Pro series Season 2 မှ လေးသင်း၊ လူငယ် လက်သစ်များအတွက် ရည်ရွယ်သော Foundation Qualifier ပြိုင်ပွဲမှ နှစ်သင်းနှင့် လာမည့် NEC Open Qualifier မှ လေးသင်း စုစုပေါင်း ၁၀သင်း ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကို MESL– Myanmar Esports League Facebook Page မှတစ်ဆင့် မေလဒုတိယပတ်မှစတင်၍ ကြေညာသွားမည်ဖြစ်သည်။

မေ ၁၆ ရက် Pan Pacific Hotel ၌ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော M Summit 2025 တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက အမှာစကား ပြောကြားပြီး အဖွဲ့ချုပ်မှ ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့် မိတ်ဖက်ကုမ္ပဏီများကို အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သည်။

ထို့ပြင် လူငယ်အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ အဖွဲ့ချုပ်သည် တက္ကသိုလ်အဆင့် Esports အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ်မှစတင်၍ ကျင်းပနေပြီး ယခုနှစ်တွင် တက္ကသိုလ်များကို Yangon Region ၊ Other Region နှင့် Private Universities ဟူ၍ ဒေသကြီးသုံးခုခွဲကာ Varsity League Division 1၊ Division 2 နှင့် University Esports Championship ဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်အဆင့် အီလက်ထရောနစ်အားကစားပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည် ဖြစ်သည်။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကို University Esports Network နှင့် Uni League by MESL Facebook Page တို့မှတစ်ဆင့် ကြေညာသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် Esports အားကစားအသင်းများက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဦးဆောင်မှုဖြင့် ၂၀၂၃ ခုနှစ် နိုင်ငံတကာ Esports အားကစားအဖွဲ့ချုပ် (IESF) မှ ကျင်းပသော World Esports Championship တွင် Dota 2 ပြိုင်ပွဲမှ ကမ္ဘာ့အဆင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသော SEA Games ပြိုင်ပွဲတွင် Mobile Legends: Bang Bang ပြိုင်ပွဲမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံ၌ ကျင်းပသော Hangzhou 19th Asian Games တွင် Honor of Kings ပြိုင်ပွဲမှ အဆင့် (၅) ကိုလည်းကောင်း အောင်မြင်မှုအသီးသီးရယူထားပြီးဖြစ်ရာ လာမည့် (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင်လည်း ရလဒ်ကောင်းများရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကဝနှင့် အုတ်တွင်းမြို့နယ်တို့ရှိ သမဝါယမအသင်းများ စိုက်ပျိုးသည့် နွေစပါးများထွက်ရှိ

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် နိဗ္ဗာန်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်ဧက ၃၀၀ ပေါ်တွင် ထိုင်းနှံကောက်စပါးများ စိုက်ပျိုးထားရှိသည်။ အဆိုပါ စိုက်ဧက ၃၀၀ အနက်မှ စိုက်ဧက ၁၅၀ ရိတ်သိမ်းပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၄ တင်း ထွက်ရှိသည်။

အလားတူ အုတ်တွင်းမြို့နယ်တွင်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထိုင်းနှံကောက် နွေစပါးများ စိုက်ပျိုးထားရှိပြီး နွေစပါးများရိတ်သိမ်းရာ အင်ဒိုင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ စိုက်ဧက ၁၀၀ ရိတ်သိမ်းရာ တစ်ဧကလျှင်ပျမ်းမျှ အထွက်နှုန်း ၁၁၃ ဒသမ ၅ တင်း၊ ဆီဆုံကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၅၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၂တင်း၊ ငှက်ပျောတောစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၅၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၂ ဒသမ ၅ တင်း၊ တောင်ဝင်းကုန်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၃၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၅ ဒသမ ၅ တင်း၊ အရှေ့ကြို့ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၃၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၆ တင်း ထွက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စာရေးသူ Hla Min (Ex-Col) ရေးသားသော "The Way I See It : Myanmar And Its Evolving Global Role (1988-2025)" စာအုပ် ထုတ်ဝေဖြန့်ချိ


**နေပြည်တော် မေ ၁၉**

စာရေးသူ Hla Min (Ex–Col) ရေးသားသော "The Way I See It : Myanmar And Its Evolving Global Role (1988–2025)" စာအုပ်ကို ထုတ်ဝေလိုက်သည်။

ဤစာအုပ်ကို စာရေးသူက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး ၂၀၂၅ ခုနှစ်တွင် (၃၁) ကြိမ်မြောက် ပြင်ဆင်၊ ဖြည့်စွက်ထုတ်ဝေထားခြင်းဖြစ်သည်။ စာအုပ်တွင် အခန်းပေါင်း ၄၇ ခန်း ပါဝင်ပြီး မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ လူမျိုးနှင့်ဘာသာရေးမှ အစပြု၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယနေ့ကာလတွင် ကြုံတွေ့နေရသည့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ထိုအခြေအနေများအပေါ် စာရေးသူ၏ အမြင်များကို ထည့်သွင်းဖော်ပြထားသည့် စာအုပ်ဖြစ်သည်။

နိုင်ငံကို "မြန်မာနိုင်ငံ" ဟု တရားဝင် အသိအမှတ်ပြုခေါ်ဆိုနိုင်ရန်အတွက် ခိုင်လုံသည့် အချက်အလက်များ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများ၊ အမျိုးသားရေး ပြဿနာတစ်ခုဖြစ်နေသော လူကုန်ကူးမှုတိုက်ဖျက်ခြင်းများ၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းများ၊ နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များ၊ စီးပွားရေးပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် ပြဿနာများ၊ မြန်မာ့အနောက်ဘက်နယ်စပ်မှ တရားမဝင်ရောက်လာသော ဘင်္ဂါလီများနှင့် ရခိုင်လူမျိုးတို့အကြား ပဋိပက္ခများနှင့် တင်းမာမှုများ၊ "ရိုဟင်ဂျာ" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်အစစ်အမှန်၊ ရိုဟင်ဂျာပြဿနာသည် လူမျိုးစုအရေးလား၊ ပထဝီနိုင်ငံရေးကစားကွက်လား၊ တရားမဝင် ဝင်ရောက်လာသူများကို နိုင်ငံသား (သို့မဟုတ်) တိုင်းရင်းသားအဆင့် အသိအမှတ်ပြုပေးရန် မြန်မာနိုင်ငံကို ဖိအားပေးခြင်း၊ ပြဿနာကို US နှင့် UK တို့က ၎င်းတို့၏ မဟာဗျူဟာရည်မှန်းချက်အတွက် အမြတ်ထုတ်နေခြင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်နေသော ပဋိပက္ခများနောက်ကွယ်တွင် မည်သူရှိနေသနည်း စသည့်အကြောင်းရပ်များကို ဖြစ်ရပ်မှန်များ၊ ခိုင်လုံသည့် အချက်အလက်များဖြင့် ရေးသားထားသည်။

ယနေ့ နိုင်ငံသားများနှင့် လူငယ်များ သိရှိထားသင့်သည့် ဖြစ်ရပ်မှန်များပါဝင်ပြီး မြန်မာနိုင်ငံတွင် လက်ရှိ တိုးတက်ဖြစ်ပေါ်နေမှုများနှင့် ရင်ဆိုင်နေရသည့် ပြဿနာများကို မတူညီသောရှုထောင့်မှ စာဖတ်သူအနေဖြင့် ရှုမြင်နိုင်ပြီး ပကတိအတိုင်း အရှိတရားများကို လွတ်လပ်စွာ ကိုယ်တိုင်အကဲဖြတ်နိုင်ကာ၊ ပြည်တွင်းပြည်ပမှ လိုရာဆွဲရေးသား ပြောဆိုလွှမ်းမိုးမှုကို ကျော်လွှားနိုင်ရန် စာရေးသူက ရည်ရွယ်ရေးသားထားခြင်း ဖြစ်သည်။




မြန်မာ့နိုင်ငံရေးကို လေ့လာလိုသူများ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် နိုင်ငံရေးစာပေကို ဖတ်ရှုလိုသူ လူငယ်စာဖတ်ပရိသတ်များအတွက် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တွင် စာမျက်နှာ ၂၁၇ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈၊ အမှတ် (တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇–၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂–၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ "၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့်အစီအစဉ်" အသိပေးကြေညာ

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီ ပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် အချိန်စေ့ချေးငွေပြေကျေမှသာ **(ယခင်ကြွေးကျန်ကင်းရှင်းမှသာ)** ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးသော ဖွံ့ဖြိုးရေး ချေးငွေ နှစ်တို၊ နှစ်ရှည်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့်ရရှိမည် ဖြစ်ပါသည်။

၃။ ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ယခင်ချေးငွေအရင်း၊ အတိုးများပါ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများသို့ မိုးရာသီစိုက်ပျိုးချိန်အမီ ၁၉ – ၅ – ၂၀၂၅ ရက်နေ့မှစတင်၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ခေါ်ယူ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်) နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) တို့တွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်း မရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Development Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဘူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူ ကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား ကျောင်းသူများပါ တစ်ပါတည်း ခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ လေးပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ စတုတ္ထပတ်မှစ၍ ကျောင်းအပ် လက်ခံသွားမည်ဖြစ်ပါသည်။ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅)ရပ်အပြင် မိမိတို့၏ တစ်နေ့တာ လုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်–၆၅၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈x၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနစု၊ ဖုန်း ၀၆၇–၄၀၄၂၅၂၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း (ရန်ကုန်) ဖုန်း ၀၁–၉၆၆၁၄၄၂၊ ၀၉–၇၉၉၄၇၈၈၉၃၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၂–၄၀၂၁၀၉၂၊ ၀၉–၄၀၀၄၀၇၅၄၂၊ ၀၉–၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## မိုင်းကိုင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**မိုင်းကိုင် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟမ်းငိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဟမ်းငိုင်းကျေးရွာတို့တွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေငွေကျပ် ၃၀၀ သိန်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၅၇ ဦးကို ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ် ၅၇၅ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်ခိုင်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃) မှ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသားများအား ထောက်ပံ့ပစ္စည်းများ ချီးမြှင့်ပေးအပ်စဉ်။

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၃) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တက်ရောက်လာကြသည့် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။










ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်–

၁။ အရင်တုန်းကတော့ စိတ်ထဲမှာ စစ်တပ်အကြောင်း သိပ်ပြီးတော့ နားမလည်ဘူး။ အခုစစ်မှုထမ်းဖို့လာတော့ ဆရာတွေက ပြောဆိုပြီးတဲ့ အခါကျတော့ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် စိတ်အားထက်သန်လာပါတယ်။ အများအမြင်နဲ့ မဆုံးဖြတ်ဘဲ ကိုယ့်ဟာကိုယ် လက်တွေ့ဆုံးဖြတ်ပြီး ဒီနေရာမှာ ကောင်းတယ်ဆိုတာကို သိရပါတယ်။ တချို့ကျတော့ စစ်တပ်ကို မကောင်းဘူးလို့ထင်ကြပေမယ့် ကိုယ်တိုင်ဝင်ကြည့်မှ သိရပါတယ်။ စဝင်တုန်းကတော့ ကြောက်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒီမှာ တော်တော်ပျော်ပါတယ်။ နေရ ထိုင်ရတာလည်း ပျော်တယ်။

၂။ ကျွန်တော်က ဒီသင်တန်းကနေပြီး သင်ပေးလိုက်တဲ့ ပညာတွေကို အသုံးချပြီးတော့ ဒီပြည်သူလူထုနဲ့ နိုင်ငံတော်ကို ကာကွယ်ပြီး ကျွန်တော်အသက်ပေးပြီး စောင့်ရှောက်သွားမှာပါ။

၃။ စစ်မှုထမ်း ကာလကို ကျွန်တော်တို့အနေနဲ့ နှစ်နှစ် သတ်မှတ်ထားတယ်လို့ သိရတယ်။ နှစ်နှစ်အချိန်မှာ ကျွန်တော်တို့သည် သင်တန်းကာလ နှစ်လခွဲ အပါအဝင် စုစုပေါင်း နှစ်နှစ်မှာ ကျွန်တော်တို့ ဘာခံယူထားလဲ ဆိုတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းမှုကို သွေးထိုးနှောင့်ယှက်တဲ့ ရန်သူတွေ၊ နောက်ပြီးတော့ ဒီငြိမ်းချမ်းနေတဲ့အရာကိုပဲဝင်ပြီးတော့ ဖျက်ဆီးနေတဲ့ သူပုန်တွေ၊ အဲတာတွေကို ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းကျောင်းကနေရလာမယ့် အတွေ့အကြုံ ခွန်အားသစ်တွေနဲ့ တွန်းလှန်ပေးနိုင်မယ်။ နောက်ပြီး တကယ်လုပ်ရတဲ့ အချိန်မှာလည်း အကောင်းဆုံး လုပ်ဆောင်မယ်လို့ ကတိပေးပါတယ်။

**သတင်းစဉ်**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ၏ သင်တန်းဆင်းပွဲများပြုလုပ်

**နေပြည်တော် မေ ၁၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့သည့် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းတို့၏ သင်တန်းဆင်းပွဲများကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ကြသည်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော သင်တန်းသား သင်တန်းသူများနှင့် အကောင်းဆုံးသင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းကို ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/ ၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း တပ်မတော်(ရေ)သမိုင်းဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကာ ရေကြောင်းလူငယ်စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း စခန်းအားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲကို နေပြည်တော် လေတပ်စခန်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသော ပြခန်း၊ ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ကို သင်တန်းစခန်း ၁၃ ခုတွင် သင်တန်းသားအင်အား ၆၉၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ (လက်နက်မဲ့)ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်နှင့် RC Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်းနှစ်ခုတွင် သင်တန်းသားအင်အား ၁၁၁ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်ပါ) ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အထွေထွေဗဟုသုတဘာသာရပ်၊ Airfield Procedure ဘာသာရပ်နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ ဓာတ်သွေး ဓာတ်မာန်ဘာသာရပ်နှင့် လေယာဉ်/ရဟတ်ယာဉ်များ၏ ပျံသန်းမှု အခြေခံသဘောတရားများကို သိရှိစေရန်အတွက် RC လေယာဉ်/ ရဟတ်ယာဉ် လက်တွေ့မောင်းနှင်ခြင်းဘာသာရပ်များကိုလည်း လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ကျောင်းကုန်းမြို့၌ ၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေး

**ကျောင်းကုန်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲခန့်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောင်းကုန်းမြို့နယ်ဘဏ်ခွဲမှ ရောင်ပြစ်ကွင်းကျေးရွာအုပ်စုနှင့် လိပ်ပုတ်ကျေးရွာအုပ်စုရှိ တောင်သူ ၈၀ ၏ လယ်မြေဧက ၆၂၀ အတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ်သိန်းပေါင်း ၉၃၀ သိန်းကို တောင်သူများ လက်ဝယ်သို့ ထုတ်ချေးပေးခဲ့ပြီး မေလမှ စက်တင်ဘာလကုန်အထိ ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်သည်။




အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ် မန်နေဂျာ ဦးဇော်မြတ်လင်းနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်းနှင့် ၂၀၂၄ ခုနှစ် မိုးစပါး ကြွေးပြေကျေသူများနှင့် ကြွေးဟောင်းပြေကျေသူများကိုလည်း ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## လပွတ္တာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**လပွတ္တာ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဆရာ ဆရာမများ တက်ရောက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားခြင်း၊ ခရိုင်ပညာရေးမှူး ဦးသန်းမောင်က တက္ကသိုလ်ဝင်စာမေးပွဲကို ရာနှုန်းပြည့် အောင်မြင်စွာ ဖြေဆိုနိုင်ရေး၊ မိမိမြို့နယ်၊ ခရိုင်အတွင်း တက္ကသိုလ်ဝင်တန်း ရာနှုန်းပြည့် ဝင်ရောက်နိုင်ရေး၊ မြို့နယ်ပညာရေးမှူး ဦးကျော်ကျော်ဝင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခြင်း၊ ကျောင်းသားကျောင်းသူများအား အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး ရှင်းလင်းပြောကြားသည်။

ထိုသို့ဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အခြေခံပညာ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဦးဆောင်ဆွေးနွေးသူနှင့် ဆရာ ဆရာမ စုစုပေါင်း ၁၈၃၈ ဦးဖြင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ အထက်တန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဦးဆောင်ဆွေးနွေးသူနှင့် ဆရာ ဆရာမ စုစုပေါင်း ၁၁၂ ဦးဖြင့် ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်တွင်းစစ်အဖြစ်ဆိုးများ ထပ်ဖြစ်မလာစေရေး တားဆီးသွားမည်ဟု သီရိလင်္ကာသမ္မတ ကတိပြု


သီရိလင်္ကာသမ္မတ အနူရာ ကူမာရာဒစ္စနာယာကီ။

**ကိုလံဘို မေ ၁၉**
သီရိလင်္ကာသမ္မတ အနူရာ ကူမာရာဒစ္စနာယာကီက သီရိလင်္ကာတွင် အတိတ်ကအဖြစ်ဆိုးများကဲ့သို့ မည်သည့်အချိန်မှ ထပ်ခါတလဲလဲ မဖြစ်စေရေး မယိမ်းယိုင်သော ကတိကဝတ်ကို ထပ်လောင်းကတိပြုခဲ့ကြောင်း မေ ၁၉ ရက်က သမ္မတရုံးမီဒီယာဌာနခွဲက ထုတ်ပြန်သည်။

သီရိလင်္ကာတွင် (၁၆)ကြိမ်မြောက်အမျိုးသား စစ်သူရဲကောင်းများနေ့ အခမ်းအနားကို မေ ၁၉ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါနေ့သည် ၂၀၀၉ ခုနှစ်က သီရိလင်္ကာနိုင်ငံ၏ နှစ် ၃၀ ကြာ ပဋိပက္ခများချုပ်ငြိမ်းခဲ့သည့် အချိန်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။

သမ္မတ ဒစ္စနာယာကီသည် မေ ၁၉ ရက် နံနက်ပိုင်းက အတိဒိယရှိ မီဟင်ဒူဆက်သပ် မီဒူရာ ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်ခဲ့ကာ ရေရှည်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ခံယူနေသည့် စစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံခဲ့သည်။

သမ္မတရုံးမီဒီယာဌာနခွဲ၏ ထုတ်ပြန်ချက်အရ သမ္မတသည် နှစ် ၃၀ ကြာ ပဋိပက္ခ၏ နောက်ဆက်တွဲဆိုးကျိုးများကို ပြန်လည်သုံးသပ်ရာတွင် ပဋိပက္ခများကြောင့် တိုင်းပြည်ကို နက်ရှိုင်းစွာ ထိခိုက်စေမှုနှင့်အတူ မြောက်ပိုင်း၊ တောင်ပိုင်း နှစ်ဌာနစလုံးမှ ပြည်သူများ အသက်ဆုံးရှုံးရသည့်အပြင် ကိုယ်အင်္ဂါဆုံးရှုံးမှုများလည်း များစွာကြုံတွေ့ခဲ့ရကြောင်း၊ ထိုသို့သော အဖြစ်ဆိုးမျိုး နောက်ထပ်မဖြစ်ပွားစေရန် ၎င်း၏ ခိုင်မာသော ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

မသန်စွမ်းစစ်သူရဲကောင်းများနှင့် ၎င်းတို့၏ မိသားစုများ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးလုပ်ဆောင်မည့် အစိုးရ၏ ကတိကဝတ်ကိုလည်း သမ္မတက ထပ်လောင်းအလေးပေး ပြောကြားသည်။

**ဆင်ဟွာ**

# Seven-Eleven ဂျပန်ကုမ္ပဏီက အများပြည်သူသုံး လမ်းများတွင် လူမဲ့ပစ္စည်းပို့ဆောင်ရေးစက်ရုပ်များ စမ်းသပ်အသုံးပြု

**တိုကျို မေ ၁၉**
Seven-Eleven ဂျပန်ကုမ္ပဏီက အများပြည်သူသုံး လမ်းများတွင် ပစ္စည်းပို့ဆောင်ရေး စက်ရုပ်များကို အသုံးပြုပြီး စမ်းသပ်လုပ်ဆောင်မှု စတင်လိုက်ပြီဖြစ်ကြောင်း ပြောသည်။ ကုန်မျိုးစုံဆိုင်ဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်နေသည့် အဆိုပါ ကုမ္ပဏီက ပစ္စည်းပို့ဆောင်ရေး စက်ရုပ်များသည် လုပ်သားရှားပါးမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

တိုကျိုမြို့ အနောက်ပိုင်းတွင် တည်ရှိသည့် ဟာချီအိုဂျီမြို့မှ Seven-Eleven စတိုးဆိုင် နှစ်ဆိုင်မှာ အဆိုပါ စမ်းသပ်အသုံးပြုမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဝယ်ယူသုံးစွဲသူများသည် အက်ပလီကေးရှင်းတစ်ခု အသုံးပြု၍ ၎င်းတို့၏ မှာယူမှုများကို ပေးပို့ကာ လူမဲ့စက်ရုပ်များက ပို့ဆောင်ရမည့်နေရာများသို့ ဦးတည်ပို့ဆောင်ပေးမည်ဖြစ်သည်။

အာရုံခံကိရိယာများနှင့် အခြားအင်္ဂါရပ်များက လမ်းပေါ်ရှိ အဖုအထစ် အပျော့အမာများကို သိရှိနိုင်သကဲ့သို့ ယာဉ်အချက်ပြမီးများကို တုံ့ပြန်နိုင်ကြောင်း သိရသည်။ ဂျပန်နိုင်ငံရှိ ကုန်မျိုးစုံဆိုင် ဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးတစ်ခုမှ ပထမဆုံးအကြိမ် စမ်းသပ်မှုကို လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ စမ်းသပ်လုပ်ဆောင်ခွင့်ကို ဒေသခံရဲတပ်ဖွဲ့က ခွင့်ပြုခဲ့ကြောင်း သိရသည်။




အဆိုပါ ကုမ္ပဏီသည် လုပ်သားရှားပါးမှုကြားမှ နောင်အနာဂတ်တွင် စက်ရုပ်များက လူသားများထက် ဝယ်ယူသုံးစွဲသူများထံ ပစ္စည်းပို့ဆောင်မှုကို ပိုမိုလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ထားသည်။ ထို့အပြင် အနီးဝန်းကျင်ရှိ ဒေသခံများကို ပူးပေါင်းပါဝင်နိုင်ရေးအတွက် စီစဉ်နေကြောင်း၊ ရလဒ်များကို လေ့လာသုံးသပ်ပြီးနောက် အခြားသော ဒေသများအထိ တိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# သမ္မတဟောင်း ဂျိုးဘိုင်ဒင် ဆီးကျိတ်ကင်ဆာဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိ

**ဝါရှင်တန် မေ ၁၉**
အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်တွင် အလွန်လျင်မြန်စွာ ပျံ့နှံ့နိုင်သည့် ဆီးကျိတ်ကင်ဆာရောဂါဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိသည်ဟု အမေရိကန်မီဒီယာများက ဖော်ပြသည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ ကင်ဆာသည် ၎င်း၏ အရိုးထဲအထိ ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်း၊ သို့သော်လည်း ထိရောက်သည့် ကုသမှုများနှင့် ထိန်းချုပ်ထားနိုင်သေးကြောင်း ဘိုင်ဒင်၏ ရုံးက မေ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အသက် ၈၂ နှစ်အရွယ် ဘိုင်ဒင်သည် ဆီးနှင့်ပတ်သက်သည့် ဝေဒနာများ ပိုမိုခံစားလာရပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်တွင် ဆေးစစ်မှုခံယူခဲ့ကြောင်း၊ မေ ၁၆ ရက်တွင် ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်ပွားမှု စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဘိုင်ဒင်နှင့် ၎င်း၏မိသားစုသည် ကုသမှုဆိုင်ရာနည်းလမ်းများကို သုံးသပ်ရွေးချယ်နေသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဘိုင်ဒင်သည် ၂၀၀၉ ခုနှစ်မှစပြီး သမ္မတဟောင်း အိုဘားမားလက်ထက်တွင် ရှစ်နှစ်ကြာ ဒုတိယသမ္မတတာဝန်များကို ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ၎င်းသည် ၂၀၂၀ ပြည့်နှစ်တွင် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကို အနိုင်ရကာ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။

၎င်းသည် ပြီးခဲ့သည့်နှစ်တွင် ပြန်လည်ရွေးကောက်ခံရန် ကြိုးပမ်းခဲ့သော်လည်း ၎င်း၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်ခဲ့ပြီးနောက် ဇူလိုင်လတွင် နုတ်ထွက်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှိဂေးရုက ဘိုင်ဒင်၏ ရောဂါရှာဖွေတွေ့ရှိမှုသတင်းကြောင့် မိသားစုနှင့် ထပ်တူစိတ်မကောင်းဖြစ်မိကြောင်းနှင့် မြန်မြန်နေပြန်ကောင်းလာပါစေကြောင်း မေ ၁၉ ရက်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာ၌ မြေပြင်ထိုးစစ် ပြန်လည်စတင်ဟု အစ္စရေးတပ်ဖွဲ့ကြေညာ

**ဂျေရုဆလင် မေ ၁၉**
ဂါဇာကမ်းမြောင်ဒေသ၌ အဓိကမြေပြင်စစ်ဆင်ရေးတစ်ခု ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က မေ ၁၉ ရက်တွင် ကြေညာသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က မြေပြင်တပ်များချထားပြီး အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တိုက်ခိုက်ရေးသမားပေါင်း များစွာကို သုတ်သင်ခဲ့ပြီး ၎င်းတို့၏ အခြေစိုက် အဆောက်အအုံများကိုလည်း ဖျက်ဆီးခဲ့ကြောင်း ပြောကြားသည်။

အစ္စရေး လေတပ်ကလည်း ဂါဇာတစ်ခွင်ကို လေကြောင်းတိုက်ခိုက်မှုများ အပြင်းအထန်ပြုလုပ်နေပြီး ခန်းယူနစ်နှင့် အခြားနေရာများတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၁၇ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာက ဖော်ပြသည်။

လေကြောင်းတိုက်ခိုက်မှုများကြောင့် နေ့စဉ် လူ ၁၀၀ ကျော် သေဆုံးမှုနှင့်အတူ အသေအပျောက် အရေအတွက် တစ်ဟုန်ထိုး များပြားခဲ့သည်။ သို့သော်လည်း အစ္စရေးအစိုးရက ဂါဇာကမ်းမြောင်ဒေသသို့ အခြေခံစားနပ်ရိက္ခာအချို့ကို ပို့ဆောင်ခွင့်ပြုမည်ဟု မေ ၁၈ ရက်က ကြေညာခဲ့သည်။

မတ်လအစောပိုင်းကတည်းက ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပို့ဆောင်ခြင်းကို ပိတ်ပင်ထားသည့်အတွက် ဂါဇာတွင် နေထိုင်သူများသည် အစားအသောက်နှင့် ဆေးဝါးပြတ်လပ်မှု အကြီးအကျယ် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**



# မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်အတွင်း တောမီးလောင်မှုကြောင့် ၇၄၈၈၀၂ ဟက်တာ ခန့်ပျက်စီး

**အူလန်ဘာတာ မေ ၁၉**
ယခုနှစ်မှစကာ မွန်ဂိုလီးယားနိုင်ငံတစ်ဝန်းတောမီးလောင်မှု ၈၉ ကြိမ်ဖြစ်ပွားပြီး မြေ ၇၄၈၈၀၂ ဟက်တာ မီးလောင်သွားကြောင်း နိုင်ငံ၏ အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီ (အင်န်အီးအမ်အေ) က မေ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါတောမီးလောင်မှုကြောင့် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း အဆိုပါ အေဂျင်စီက ထုတ်ပြန်ထားသည်။ မီးလောင်မှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ နိုင်ငံသားများက မြက်ခြောက်များနှင့် အမှိုက်များကို မီးရှို့ခြင်းကဲ့သို့သော သတိမဲ့စွာပြုလုပ်မှုတို့ကြောင့် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

**ဆင်ဟွာ**

## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့

## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး
သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

❑ ကျော့ဖုံးမှ

ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ နာပိုလီအသင်းသည် ပွဲချိန်အများစုတွင် ပါးမားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။

ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သော ပါးမားအသင်း၏ တုံ့ပြန်တိုက်စစ်ဆင်မှုများကလည်း နာပိုလီအသင်း ခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့စေခဲ့သည်။

ပါးမားအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သောကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အတ္တလန္တာနှင့် ရာသီပိတ်ပွဲစဉ်တွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းရဦးမည်ဖြစ်သည်။



နာပိုလီအသင်းတိုက်စစ်ကစားသမား လူကာကူ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ပါးမားကစားသမား ဗလာရီဖျက်ထုတ်ဟန့်တားစဉ်။

နာပိုလီအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် ကက်ဂလီယာရီအသင်းကို နိုင်ပွဲရရှိပါက ၂၀၂၄-၂၀၂၅ စီးရီးအေအမှတ်ပေးဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ အီတလီစီးရီးအေပွဲစဉ်(၃၇) ပြီးသည်အထိ အမှတ်ပေးဖလားဆွတ်ခူးနိုင်မည့် အသင်းပေါ်ထွက်လာခြင်းမရှိသေးဘဲ ရာသီပိတ်ပွဲစဉ်အထိ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များတွင် ကက်ဂလီယာရီက ဗနီဇီယာကို သုံးဂိုး-ဂိုးမရှိ၊ ဖီအိုရင်တီးနားက ဘိုလော့ဂ်နာကို သုံးဂိုး-နှစ်ဂိုး၊ ဂျူဗင်တပ်စ်က အူဒီးနိစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ လက်ချီက တိုရီနိုကို တစ်ဂိုး-ဂိုးမရှိ၊ အမ်ပိုလီက မွန်ဇာကို သုံးဂိုး-တစ်ဂိုး၊ ရိုးမားက အေစီမီလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး အင်တာမီလန်နှင့် လာဇီယိုအသင်း ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဗီရိုနာနှင့် ကိုမိုအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန္ဒာနိုင်ငံသား ၂၆ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ယူဂန္ဒာနိုင်ငံသား ၂၆ ဦးအား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင် လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန္ဒာသမ္မတနိုင်ငံသံရုံး Ambassador H.E Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၈၆ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၃၈ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၄၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကို လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၉ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။




မေ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနော သုခ– Export Quality) ၅၂ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂ အိတ်၊ ဆီပိဿာ ၁၅၆၀၊ ဆား ၁၀ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ်အထုပ် ၅၀၊ ငါးပိ ၂ ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၂၃ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၉ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၂၁ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ ကြက်ဥအလုံး ၄၈၀ ၊ ဘဲဥအလုံး ၇၀ ၊ ခေါက်ဆွဲခြောက် ၁၂ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၁၉ ရက်တွင် အမဲသားပိဿာ ၂၅၀ ၊ ဆိတ်သား ပိဿာ ၁၀၀ ၊ ကြက်သား ပိဿာ ၂၅၀ (အကောင်လိုက် အမွေးနုတ်အူဖယ်ပြီး)၊ ဝက်သားပိဿာ ၁၅၀ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့တိုင်း လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

အလားတူ မန္တလေးမြို့တွင် လှည့်လည် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (မနောသုခ) အိတ် ၂၀၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား ၁ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ တစ်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ ကြက်ဥအလုံး ၂၅၁၀၊ ဘဲဥအလုံး ၆၀၀ နှင့် ခေါက်ဆွဲခြောက် ၄၅ ထုပ်တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံတွင်မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၉ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၅ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၆ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆေးဝါး Paracetamol ဖာ ၂၀ (အလေးချိန် ၀ ဒသမ ၂၈၅ တန်) နှင့် မေ ၁၉ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် လိမ်းဆေးနှင့် အိမ်သုံးဆေးဝါး ၁၉ ဖာ (အလေးချိန် ၀ ဒသမ ၂၇၉ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ အိန္ဒိယနိုင်ငံက ထောက်ပံ့သည့် ဆေးနှင့် ဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**

မေ ၂၀ ရက်တွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့ဆေးရုံကြီး(သန်လျင်)၌ လူအများအစုလိုက် ထိခိုက်ဒဏ်ရာရရှိမှု အရေးပေါ်စီမံချက်ရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၁၉**

သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ လူအများအစုလိုက် ထိခိုက်ဒဏ်ရာရရှိမှု အရေးပေါ် စီမံချက်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီက လူအများအစုလိုက် ထိခိုက်ဒဏ်ရာရရှိမှု အရေးပေါ်စီမံချက်လုပ်ငန်းများ ဆောင်ရွက်မှုအစီအစဉ်ကို Projector ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုပရဟိတအသင်းအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဆေးရုံအုပ်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။



အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး ချစ်ညီညီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် လူမှုပရဟိတ အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ဓနုဖြူမြို့နယ်၌ ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ဓနုဖြူ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့ မေ ၁၉ ရက် နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ပုကွန်ကျေးရွာအုပ်စုနှင့် ကမ်းငူကြီးကျေးရွာအုပ်စုများသို့ ပေးအပ်ခဲ့သည်။

ယနေ့တွင် ပုကွန်ကျေးရွာအုပ်စုနှင့် ကမ်းငူကြီးကျေးရွာအုပ်စုများသို့ တောင်သူ ၈၈ ဦး အတွက် ချေးငွေ ၉၈၇ သိန်း ထုတ်ချေးပေးပြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် မေ ၁၉ ရက်မှစတင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ဓနုဖြူမြို့နယ်မှ ကျေးရွာအုပ်စု ၆၃ အုပ်စုရှိ တောင်သူ ၅၀၀၀ ကျော်တို့၏ လယ်ယာမြေဧက ၄၀၀၀၀ ခန့်အတွက် ကျပ်သန်း ၆၀၀၀ ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ငွေချေးရန် လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**(၁၉-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၁-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ခါတ်ခွဲနမူနာစုစုပေါင်း (၂,၄၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## မူမှန်ပြက္ခဒိန်ရောင်းချ

**နေပြည်တော် မေ ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များ ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၇-၁၃၈၈ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၅ ခုနှစ်၊ ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ်တစ်သောင်းတိတိဖြင့် ရုံးအမှတ်(၃၅)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေဖြန့်ချိခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ခါးပြဆန်ဆန် ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသော ခရီးသွားပြည်သူများ"** ခေါင်းစဉ်ဖြင့် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာ ထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG ၊ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုံးခွမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်



**သုံးခွ မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့်အဖွဲ့သည် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဦးကျော်သူရက ၂၀၂၅ မိုးရာသီ ချေးငွေ မူဝါဒစည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက မှိုကုန်းသာကျေးရွာ အုပ်စုရှိ တောင်သူ ဦးတင်မောင်လွင်အား ၁၀ ဧကအတွက် ၂၀၂၅ မိုးရာသီ ချေးငွေများ ပေးအပ်ခြင်းကို လည်းကောင်း၊ တိုင်းဒေသကြီးမန်နေဂျာက ဟေမဇလာကျေးရွာအုပ်စုရှိ တောင်သူဦးဌေးလွင်အား ကိုးဧကအတွက် ၂၀၂၅ မိုးရာသီချေးငွေအားလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး လင်းမောင်သက်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေတို့က တောင်သူများအား မိုးရာသီချေးငွေများကို ပေးအပ်သည်။ **(ဝဲပုံ)**

စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးရာတွင် အချိန်စေ့ကြွေးကျန် အကျေပေးဆပ်ပြီးသော မှိုကုန်းသာကျေးရွာ၊ ဟေမဇလာကျေးရွာ အုပ်စုမှ တောင်သူ ၁၀၇ ဦးအား တစ်ဧက ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ၉၀၆ ဧကအတွက် ငွေကျပ် ၁၃၅၉ သိန်းကို ထုတ်ချေးခဲ့သည်။ **စည်သူလင်း (ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ခရမ်း မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဦးကျော်သူရက ၂၀၂၅ မိုးရာသီ ချေးငွေမူဝါဒ စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ကရင်ကန်ကျေးရွာအုပ်စုရှိ တောင်သူ ဦးစန်းလွင်အား ၁၀ ဧကအတွက် လည်းကောင်း၊ တိုင်းဒေသကြီး မန်နေဂျာက ကရင်ကန်ကျေးရွာ အုပ်စုရှိ တောင်သူ ဦးတင်ဝင်အား ကိုးဧကအတွက် လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက တောင်သူ ဦးမြင့်ဦးအား ရှစ်ဧကအတွက် လည်းကောင်း ၂၀၂၅ မိုးရာသီ ချေးငွေများကို ပေးအပ်သည်။ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် အချိန်စေ့ကြွေးကျန် အကျေပေးဆပ်ပြီးသော ကရင်ကန်ကျေးရွာအုပ်စုမှ တောင်သူ ၁၂၉ ဦးအား တစ်ဧက ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ဧက ၈၁၀ အတွက် ငွေကျပ် ၁၂၁၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခရမ်း (ပြန်/ဆက်)**

## သထုံ၌ တောင်သူများအား မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

**သထုံ မေ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် ၂၀၂၅ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေကို ယနေ့နံနက်ပိုင်းက သထုံခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ စတင်ထုတ်ချေးပေးခဲ့ရာ တောင်သူများ အေးချမ်းစွာ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

ချေးငွေထုတ်ပေးရာတွင် ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ခံ မန်နေဂျာ ဦးနေလင်းက ယခုနှစ် မိုးစပါးချေးငွေ ထုတ်ချေးပေးသွားမည့် အစီအစဉ်များ၊ ချေးငွေများ ပြန်လည်ပေးသွင်းရမည့်ကာလနှင့် အပြေအကြေပြန်လည် ပေးဆပ်ကြ ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်း ယခင်နှစ်များက မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အစောဆုံး အကြေပြန်လည် ပေးဆပ်ခဲ့သည့် ခနုကတိုက်ကျေးရွာမှ တောင်သူ ၄၁ ဦးတို့၏ စိုက်ဧက ၃၆၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ် ၅၄၉၀၀၀၀၀ ကို မိုးစပါးစိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးခဲ့သည်။

သထုံမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်များက ချေးငွေများ အပြေအကြေပြန်လည်ဆပ်ပြီးသည့် ကျေးရွာအုပ်စုပေါင်း ၄၃ အုပ်စုမှ တောင်သူ ၃၁၅၂ ဦးတို့၏ မိုးစပါးစိုက်ဧကပေါင်း ၂၈၆၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၄၂၉၀၀ ခန့်ကို မေ ၁၉ ရက်မှစတင်ကာ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားရန် လျာထားကြောင်း သထုံခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်က နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၈၉၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၂၉၅၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၇ ရက်က အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၈၂၂၁၀)ကိုလည်းကောင်း၊ မေ ၁၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Malaysia Airlines လေယာဉ်ခရီးစဉ်အမှတ် MH-740/ SF-4762 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၃၄၂၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်တွင် ဘုရားကြီးမြို့ ဘောနတ်ကြီးကျေးရွာအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၁၉ ရက်တွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၄၈၄ တန်၊ အခြားသစ် ၇ ဒသမ ၄၁၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၇၃၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ သာယာဝတီခရိုင် သာယာဝတီမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၁၅၇၃၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အောင်သာယာရပ်ကွက်၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၇၆၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၉၇၁၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၆၃၉၇၁၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် ပေါက်တောမြို့နယ် အငူမော်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၀၉၂၆၁၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကော့သောင်းမြို့မှ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ကော့သောင်း မေ ၁၉**

ကော့သောင်းမြို့ အထက(ခွဲ) အလက(၂)ကျောင်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အထက(ခွဲ) အလက(၂)ကျောင်း၊ မဟော်ဂနီခန်းမဆောင်တွင်ကျင်းပရာ အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ကိုလတ်၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘ၊ ဆရာ အသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်က အမှာစကားပြောကြားပြီး ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ခင်နိုင်က လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-9 လူရည်ချွန် မရွှေအိမ်စည်ဖူး၊၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-11 လူရည်ချွန် မနှင်းအိန္ဒြာခင်၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-9 လူရည်ချွန် မောင်ခန့်ဝေယံကျော်တို့အား ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုဆုဒိုင်း များနှင့်ဂုဏ်ပြုမှတ်တမ်းများ၊ လူရည်ချွန်စလွယ်နှင့် ချီးမြှင့်ပစ္စည်းများ အားပေးအပ်ပြီး**(အပေါ်ယာပုံ)** မြို့နယ်



စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က လူရည်ချွန်ရရှိအောင် ကြိုးစားသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များက လူရည်ချွန်စခန်းများသို့ သွားရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ ကြိုးစားအားထုတ်ခဲ့ရပုံများကို ရှင်းလင်းတင်ပြပြီး အထက(ခွဲ) အလက (၂)ကျောင်းမှ ကျောင်းသား ကျောင်းသူများက အနုပညာစွမ်းရည်များဖြင့် တင်ဆက်ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးရေးစရိတ်ချေးငွေပေးအပ်

**ညောင်လေးပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးရေးစရိတ်ချေးငွေအတွက် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ယနေ့ နံနက် ၁၁ နာရီက အဆိုပါရုံး၌ စတင်ထုတ်ပေးလျက်ရှိသည်။




ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ ဒုတိယ တိုင်းဒေသကြီးမန်နေဂျာ၊ ခရိုင်မန်နေဂျာနှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်တို့က ငွေချေးယူသူ တောင်သူများအား ချေးငွေ စည်းကမ်းချက်များ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ယနေ့တောင်သူ ဦးရေ ၈၄ ဦး၊ ၆၂ ဧကအတွက် ငွေကျပ် ၉၃၃ ဒသမ ၀၀ သိန်း ထုတ်ချေးပြီး ၂၀၂၅ ခုနှစ် မိုးရာသီ ချေးငွေ တစ်ရပ်လုံးအတွက် မြို့နယ်ချုပ်အနေဖြင့် ငွေကျပ် သိန်း ၁၁၁၃၇ ဒသမ ၂၀ လျာထား ထုတ်ချေးပေးမည် ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်ရီရီချိုထံမှ သိရသည်။ **နီနီဝင်း(ပြန်/ဆက်)**

# ငလျင်ဘေး ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲအတွက် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြ



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၊ တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီအစည်းအဝေးနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲကို မေ ၁၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တိုင်းဒေသကြီး ခြင်းလုံးလေ့ကျင့်ရေးရုံသစ်၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ထက်က အမှာစကားပြောကြားပြီး မြို့နယ်ခြင်းလုံးဆပ်ကော်မတီများမှ တာဝန်ရှိသူတို့က ခြင်းလုံးတိုးတက်ရာ တိုးတက်ကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးကြသည်။

ယင်းငလျင်ဘေး ပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် မြို့နယ်ခြင်းလုံးဆပ်ကော်မတီများမှ အားကစားသမားများက အလှည့်ကျဝိုင်းခြင်းခတ်ပြခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **အာကာစိုး**

# ဖျာပုံမြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ်စိုက်ထူ

**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီက ဖျာပုံမြို့နယ် ပညာရေးမှူးရုံးရှေ့၌ ကျင်းပသည်။



အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် မြို့ပေါ် အထကကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ဟိုပုံး မေ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်ရှိ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက မေ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဟိုပုံးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ခင်ရတနာဆု၊ ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်နန်းခမ်းအွန်နှင့် တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၃၅၀ ဖြင့် ဆောင်ရွက်မည့် ဆီဆိုင်မြို့နယ် ကုန်းဆွတ်-လာဇရူး-တောင်သာ - တရောက် - ဖာလိုင်လမ်းပေါ်ရှိ ပေ ၂၀၀ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၈၀ ဖြင့် ဆောင်ရွက်မည့် ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဟိုဆင်-ဟွေ့လုံ-ဖက်ရမ်းလေး-ဖက်ရမ်းကြီး-ဒုံလိတန်-ဝမ်စောက်-ဟိုင်းနွဲ့-ဆီဟိုးလမ်းပေါ်ရှိ ပေ ၉၀ ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့တွင် ကတ္တရာလမ်းခင်းခြင်း၊ သံကူကွန်ကရစ်တံတား လေးစင်းနှင့် ရေကျော်တံတား တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် စက်သုံးဆီသိုလှောင်ရုံများတွင် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူရ ဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်/နယ်မြေစခန်းတာဝန်ခံများပါဝင်သော အဖွဲ့များဖြင့် စက်သုံးဆီအရောင်းဆိုင်များနှင့် သိုလှောင်ရုံများတွင် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို မေ ၁၉ ရက်တွင် လိုက်လံစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်ခြင်း ရှိ မရှိ တို့ကို စစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန
## ဆေးနှင့်ဆေးပစ္စည်းတင်ဒါခေါ်ယူခြင်း

**ဆေးနှင့်ဆေးပစ္စည်းတင်ဒါအမှတ်** - ၁/၂၀၂၅
**တင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၂၁-၅-၂၀၂၅ရက်
**တင်ဒါတင်သွင်းလွှာစတင်လက်ခံမည့်ရက်** - ၂၁-၅-၂၀၂၅ရက်
**တင်ဒါတင်သွင်းလွှာလက်ခံမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ တင်ဒါလက်ခံရေးဌာန
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၂၅ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ
**(တင်ဒါဖောင်ကြေး၊ တင်ဒါအာမခံကြေး နမူနာပစ္စည်းများ အပ်နှံရမည့်ရက်)** - ၂၁-၅-၂၀၂၅ မှ ၂၁-၆-၂၀၂၅ အထိ

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ခုတင်(၁၀၀)နှင့်အောက် ဆေးရုံများအားလုံးတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ရာ တင်ဒါစည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်သူများသည် သတ်မှတ်ချက်များနှင့်အညီ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**(တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါ ရုံးသုံးစာရေးကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ရုံးသုံးစာရေးကိရိယာပစ္စည်း | ၉ မျိုး |
| ၂။ | တာယာ | ၂ မျိုး |
| ၃။ | ဘက်ထရီ | ၂ မျိုး |
| ၄။ | စက်ဆီချောဆီ | ၆ မျိုး |
| ၅။ | ဆင်သံကြိုး | ၃ မျိုး |
| ၆။ | ပတ်လွှ | ၃ မျိုး |

**တင်ဒါရောင်းချမည့်ရက်** - ၁၉-၅-၂၀၂၅ရက်၊ နံနက် ၁၀:၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်** - ၃-၆-၂၀၂၅ရက်၊ နေ့လယ် ၁၅:၀၀ နာရီ
**တင်ဒါရောင်းချမည့်နေရာ** - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန် ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ်(၄၈၈)၊ အိမ်အမှတ်(၁၇၄)ဟုခေါ်တွင်သော RC (၂)ခန်းတွဲ(၆)ထပ်တိုက်၊ ဒုတိယထပ်B(၃-လွှာ)(ခေါင်းရင်းခြမ်း)တိုက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခန်း တိုက်ခန်း၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်ဇော် (ဘ)ဦးစံတင် (၁၂/စခန(နိုင်)၀၀၆၇၄၄) နှင့် ဒေါ်နှင်းနှင်းအေး (ဘ)ဦးဇေယျ (၁၂/ကမရ(နိုင်)၀၅၀၇၉၇)မှ မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ သဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့် တိုက်ခန်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိခိုင် LL.B, D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၅၅)**
**အမှတ်-၁၈၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၅၀၇၈၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ ၀.၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ-၄၄၇၂)ကို အမည်ပေါက် ဦးသက်နိုင်ဦး(ဘ)ဦးသန်းထွန်း ၉/အမရ(နိုင်)၁၄၂၂၉၄မှ ဦးစစည်သူအောင်(ဘ)ဦးမန်းဌေးအောင် ၁၄/ကပန(နိုင်)၁၅၁၁၄၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်ဟု ခေါ်တွင်သော မြေတိုင်းဌာန၏ ရပ်ကွက်/ကျေးရွာအုပ်စု- (မြို့မ-၁/ကန်ရှေ့ရပ်ကွက်)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-(၂၂/ကန်ရှေ့ရပ်)၊ ဦးပိုင်အမှတ်(၁၀၃.ခ)၊ မြေကွက်အမှတ်(143/264)၊ ဧရိယာ(၀ဒသမ၁၃၄)ဧကရှိ အိမ်မြေဥပစာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမှတ်တွဲအမှတ် (၄၅/၂၀၀၄-၂၀၀၅)အရ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်ရင်ရင်ရှန်(ခ)ဒေါ်နန်း မြကြည် ၁၃/တကန(နိုင်) ၁၃၀၉၃၀က ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါကအထောက်အထားပြည့်စုံစွာ ဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်အဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၂၂)**
**အမှတ်(၁၂၁)၊ပန်းတင်လမ်းခွဲ(၁၉)၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မိတ္ထီလာမြို့နယ်၊ ပျဉ်သာကျေးရွာအုပ်စု၊ ဒေါ်မြဝင်း လက်ရှိလုပ်ကိုင်စိုက်ပျိုးလျက်ရှိသော ပျဉ်သာအနောက်ကွင်း၊ ကွင်းအမှတ် ၈၅၉၊ ဦးပိုင်အမှတ် (၄၅)၊ ဧရိယာ(၃ဒသမ၀၂)ဧက၊ ကွင်းအမှတ်(၈၅၉)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ (၂ဒသမ၈၅)ဧက၊ ပျဉ်သာကျေးရွာအုပ်စု၊ ကျိတ်ပုလဲကွင်း၊ ကွင်းအမှတ် ၈၅၉/ ၂၀၈၃၊ ဦးပိုင်အမှတ် ၁၆၀၊ ဧရိယာ(၃ဒသမ၂၉)ဧက၊ ကွင်းအမှတ် ၈၅၉/၂၀၈၃၊ ဦးပိုင်အမှတ် ၁၆၁၊ ဧရိယာ(၁ဒသမ၅၀)ဧက၊ ကွင်းအမှတ် ၈၅၉/၂၀၈၃၊ ဦးပိုင်အမှတ် ၁၆၂၊ ဧရိယာ(၀ဒသမ၅၂)ဧက လယ်ယာမြေတို့ကို လုပ်စားပိုင်ခွင့်ပုံစံ (၇) နှင့် လျှောက်ထားသွားမည်အတွက် အဆိုပါလယ်ယာမြေအားလုံးကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ပျဉ်သာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက တရားဝင်လျှောက်ထားသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြဝင်း (၉/မထလ(နိုင်)၀၅၈၈၉၉)**
**ပျဉ်သာကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ ဖုန်း-၀၉-၇၉၉၁၁၀၇၀၄**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ ဆင်ကန်လမ်းမကြီး၊ မဟာသုခ၊ အမှတ် ၁၂၈၀နေ ဦးချစ်ဆွေ(ဘ)ဦးအောင်မိုး ၁၂/ကတန(နိုင်)၀၀၁၉၈၈နှင့် ဒေါ်သင်းသင်း(ဘ)ဦးမောင်မြင့် ၁၂/ကတန(နိုင်)၀၀၁၉၈၃တို့၏သမီးဖြစ်သူ ဒေါ်အိအိဆွေ ၁၂/ကတန(နိုင်)၀၈၁၀၀၈သည် မိဘညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏သဘောဆန္ဒအလျှောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးချစ်ဆွေ ၊ ဒေါ်သင်းသင်းအေး**
**၁၂/ကတန(နိုင်)၀၀၁၉၈၈၊ ၁၂/ကတန(နိုင်)၀၀၁၉၈၃**
**အမှတ် ၁၂၈၀၊ ဆင်ကန်လမ်းမကြီး**
**(မဟာသုခ)၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့**

## အမည်ပြောင်း

သထုံမြို့နယ်၊ ရွာကြား၊ တောင်ကြားကျေးရွာနေ (ဘ)ဦးမျိုးမင်းဝေ ၁၀/သထန(နိုင်)၁၇၄၉၆၄၏သား မောင်ဟိန်းသန့်ဦးအား ယနေ့မှစ၍ မောင်ဟိန်းသန့်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းသန့်ဇင်**

## ပျောက်ဆုံးကြောင်း

တန့်ဆည်မြို့နယ်၊ နဘက်ငယ်ကျေးရွာနေ (ဘ)ဦးမောင်ငယ်၏ သမီး မဇင်မာဖွေး ၅/တဆန(နိုင်)၁၀၄၆၂၁၏ နိုင်ငံကူးလက်မှတ် MB-487143မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၃၅၅၄၄၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/41336, Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထက်ပိုင် ၁၄/ကကထ(နိုင်)၁၉၁၀၆၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/01559,Honda Wave-M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောစန်းမြ ၃/ဘအန(နိုင်)၁၁၁၉၅၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 81W/16959, Dayung 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလတ် ၁၄/ရကန(နိုင်)၁၀၈၇၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/86765 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ဒ-၂)၊ ဦးပိုင်အမှတ် (၃၂)၊ ၆၄x၆၅ကြား၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးကောင်းလှိုင် ၁၃/တကန(နိုင်)၁၉၆၂၈၇၊ ဒေါ်ဝေဝေကျော် ၁၃/ကခန(နိုင်)၀၈၂၉၄၅ တို့က အမှုတွဲအမှတ် (၀၀၂၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/4728, Suzuki Swift 2C725,Hatch Back(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်အောင် ၁၂/ဒဂရ(နိုင်)၀၀၃၅၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၄၃)၊ ဦးပိုင်အမှတ်(၁၇+၁၈)၊ ၄၀(A)လမ်း၊ ၅၂xမန္တလေး-ပြင်ဦးလွင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှမိုး၏ (SP ရရှိသူ ဒေါ်ခင်မာအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၈၃၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိမိခိုင် ၉/မရမ(နိုင်)၀၂၇၀၀၁က အမှုတွဲအမှတ် (၀၀၂၆/၂၀၂၅-၂၀၂၆)ဖြင့်သက်တမ်းတိုး၊အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃-က/ အပိုင်း-၇၊ ဦးပိုင်အမှတ် (၄၈)၊ ၃၈လမ်း၊ ၇၀x၇၁ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းအောင်မြင့်၊ ဒေါ်နန်းသူဇာအေး တို့၏ (GPရရှိသူ ဦးအောင်ကျော်လင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်( ၁၉၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်လွှမ်းမိုး ၇/ ကပက(နိုင်)၀၀၀၀၆၀က အမှုတွဲအမှတ်(၀၀၂၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/96625 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၇/ပခန(နိုင်)၀၆၁၉၀၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/53024 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဝင်း ၇/ပခန(နိုင်)၂၄၉၆၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၂)၊ ဦးပိုင်အမှတ်(၃၁)၊ ၄၁(A)လမ်း၊ ၅၆x၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးသူရစန်းလွင်၏ (SP ရရှိသူ ဦးသန်းဝင်းထိုက် (ခ) ဦးသန်းထိုက်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၈၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာ ၉/မနမ(နိုင်)၀၃၀၇၆၆က အမှုတွဲအမှတ် (၀၀၂၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ် ရပ်ကွက်၊ အကွက်အမှတ် (၆၇၆)၊ ဦးပိုင်အမှတ်(၁၂-က)၊ ၃၆လမ်း၊ ၇၄x၇၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းနှင်းကြည်၏(SPရရှိသူဒေါ်တင်တင်ဦး)ထံ မှမှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၄၀၆၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညွန့်ညွန့်ဝေ ၉/ခအဇ(နိုင်)၀၀၂၉၃၆က အမှုတွဲအမှတ်(၀၀၂၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၇၉၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်အောင် ၅/ဆလက(နိုင်)၀၉၉၃၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရွှေဘို)**
**ရွှေဘိုမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၀**

| | | |
|---|---|---|
| ဦးသီဟ | နှင့် | ဦးစိုးညွှန့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ဓဓ-၁၄/၅၈)၊ (ဆ) ရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးစိုးညွှန့် သင့်အပေါ်၌ တရားလို ဦးသီဟက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၄)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၀.၀၅၅၁)ကေ၏ အကျယ်အဝန်းရှိ ဦးစိုးညွှန့် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ(၂၆)ရက်၊ (၁၃၈၇ခုနှစ်၊ ကဆုန်လကွယ် ၁၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီဂိဝင်း)

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းအမှတ်(၁၆)၊ မြေကွက်အမှတ်(၈၇)+(၈၈)၊ မြေချိန်ဧရိယာ(၀.၁၁၀)ကေရှိမြေအား ဦးဇော်ဝင်းမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းအမှတ်(၁၆)၊ မြေကွက်အမှတ်(၂၇၁)၊ မြေချိန်ဧရိယာ(၀.၁၁၀)ကေရှိ မြေအား ဒေါ်ငွေးတင်မှ သက်တမ်းတိုး၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/2330 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ယခင်(၆၇၃၊ထန်းတော)၊ ယခု(၇၄၊ ရွှေဂူ)၊ဦးပိုင်အမှတ်/မြေကွက်အမှတ် ယခင်(၁၇-က)၊ ယခု(၁၀၄)၊ ဧရိယာ(၀ဒသမ၀၉၉)ကေရှိ မြေအား မြို့မြေအမှုတွဲအမှတ် ၃၂၆ V ၂၀၀၈-၂၀၀၉ အရ ဒေါ်ချန်ရွှေ အမည်ဖြင့် (၂၂-၂-၁၉၉၆)မှ (၂၁-၂-၂၀၂၆) အထိ နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသောမြေအား ဦးစိုးမင်းလွင်မှ မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေ ပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/46073, TVS DAZZ 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာဝင်း ၅/မရန(နိုင်) ၂၀၈၈၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)မြို့**

## အမွေပြတ်စွန့်လွှတ်ခြင်း

